ပူဇာစ ပူဇနေယျာနံ့ ဧတံ မင်္ဂလ မုတ္တမံ၊ ပူဇော်ထိုက်သူကို ပူဇော်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။


# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်၊ ၂၀၀၄ ခုနှစ်၊ အောက်တိုဘာ ၁ ရက်၊ သောကြာနေ့၊ အတွဲ(၄၂)၊ အမှတ်(၁)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တရုတ်နိုင်ငံ နှစ်ပတ်လည်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံတည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာဟူကျင်တောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ဂျီးရီးယားနိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတနိုင်ဂျီးရီးယားနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပြည်ထောင်စုသမ္မတနိုင်ဂျီးရီးယားနိုင်ငံ သမ္မတနှင့် ကာကွယ်ရေးဦးစီးချုပ် အိုလူဆီဂွန်၊ အိုဘာဆန်ဂျို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဆိုက်ပရပ်(စ်)နိုင်ငံလွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့

ရန်ကုန် အောက်တိုဘာ ၁

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ရက်တွင် ကျရောက်သော ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဆိုက်ပရပ်(စ်)သမ္မတနိုင်ငံ သမ္မတ မစ္စတာတတ်ဆော့(စ်)၊ ပါပါဒိုပိုးလော့(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# အကြမ်းဖက်မှုသည်ယနေ့ကမ္ဘာကြီး၌အကြီးမားဆုံးစိန်ခေါ်မှုဖြစ် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုခြိမ်းခြောက်ပြီးလူ့အခွင့်အရေးချိုးဖောက်

# မြန်မာနိုင်ငံက အကြမ်းဖက်မှုအားလုံးကို ခြွင်းချက်မရှိ ရှုတ်ချ ကုလသမဂ္ဂပဋိညာဉ်စာတမ်းနှင့်အညီပူးပေါင်းတိုက်ဖျက်ရန်မြန်မာနိုင်ငံကတောင်းဆို

ရန်ကုန် စက်တင်ဘာ ၃၀

၂၀၀၄ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် (၅၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၌ မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ကြီးချုပ်ရုံးဝန်ကြီး ဦးတင်ဝင်းသည် အထွေထွေမူဝါဒရေးရာမိန့်ခွန်းတစ်ရပ်ကို ပြောကြားသည်။ ဝန်ကြီး ဦးတင်ဝင်း၏ မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

**စာမျက်နှာ ၈ ကော်လံ ၁ ✻**

**တစ်ထောင်ကျပ်တန် ငွေစက္ကူ အရွယ်အစားသစ်ကို မျက်နှာစာဘက်မှ တွေ့ရစဉ်။**

(သတင်းစဉ်)

# တစ်ထောင်ကျပ်တန်၊ ငါးရာကျပ်တန်နှင့် နှစ်ရာကျပ်တန် ငွေစက္ကူအရွယ်အစားသစ်များထုတ်ဝေမည် လက်ရှိသုံးစွဲလျက်ရှိသော ငွေစက္ကူများနှင့် ငွေအကြွေများ ဆက်လက်တည်ရှိနေမည်




**မြန်မာနိုင်ငံတော်ဗဟိုဘဏ်**
**ရန်ကုန်မြို့**

ရက်စွဲ။ ၂၀၀၄ ခုနှစ် စက်တင်ဘာလ ၃၀ ရက်

**သတင်းကြေညာချက်**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တစ်ထောင်ကျပ်တန်၊ ငါးရာကျပ်တန်နှင့် နှစ်ရာကျပ်တန် ငွေစက္ကူအရွယ်အစားသစ်များကို ၂၀၀၄ ခုနှစ် အောက်တိုဘာလအတွင်း စတင်ထုတ်ဝေပါမည်။ ယင်းငွေစက္ကူသစ်များကို ပြည်သူများအား ဘဏ်ဖွင့်ချိန်အတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ငွေကြေးဌာနတွင်လည်းကောင်း၊ ဘဏ်များနှင့် အစိုးရငွေတိုက်များတွင်လည်းကောင်း ထုတ်ပေးပါမည်။

လက်ရှိတရားဝင် လှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူများနှင့် ငွေ အကြွေများသည်လည်း တရားဝင်သုံးစွဲငွေအဖြစ် ဆက်လက်တည်ရှိနေမည် ဖြစ်ပါသည်။

**ကျောဖုံးသို့**

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်)

# ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းမြှင့်တင် အမျိုးသားရေးစရိုက်လက္ခဏာများ တိုးတက်မြင့်မား

မြန်မာလူမျိုးတို့သည် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များကို နှစ်ပေါင်းထောင်ချီ၍ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်လာခဲ့ကြသည်။ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ပိုမိုတိုးတက်မြင့်မား ခိုင်ကျည်စေရေးဟူသည့် မွန်မြတ်မြင့်မားသော ရည်မှန်းချက်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်မပျက်ကျင်းပလာခဲ့ရာ ယခုဆိုလျှင် (၁၂)နှစ်တိုင်တော့မည် ဖြစ်ပေသည်။

ယဉ်ကျေးမှုအနုသုခုမ ပညာရပ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီးပညာရပ်များသည် မျိုးဆက်တစ်ဆက်မှ တစ်ဆက်သို့ လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်း မြှင့်တင်ပေးရသည့် အစဉ်အလာကောင်းများဖြစ်ပေသည်။ ထိုအစဉ်အလာကောင်းများကို မျိုးဆက်သစ်လူငယ်များက မြတ်မြတ်နိုးနိုး ထိန်းသိမ်းစောင့်ရှောက်သွားကြရန် လိုအပ်ပေသည်။

ယနေ့အချိန်အခါတွင် နိုင်ငံတကာ၌ ဓနအင်အားနှင့် နည်းပညာအရ အသာစီးရနေသည့် အနောက်နိုင်ငံကြီးအချို့က ၎င်းတို့၏ဓလေ့စရိုက်များကို စီးပွားရေးနှင့်ယဉ်ကျေးမှုတံခါးပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် ထိုးဖောက်လွှမ်းမိုးရန် ကြိုးပမ်းလုပ်ဆောင်လျက် ရှိကြသည်။

မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ရိုးရာယဉ်ကျေးမှုထိန်းသိမ်းရေးစိတ်ဓာတ်တို့ကို နိုင်ငံရေး အမြင်အရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ဖျက်လိုဖျက်ဆီးလုပ်ဆောင်နေကြသည့် အနောက်နိုင်ငံကြီးတို့၏ သွေးဆောင်ဖြားယောင်းမှုများကို နားမယောင်မိရန် လိုအပ်ပေသည်။ မိမိတို့ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းမြှင့်တင်ခြင်းဖြင့် အနောက်နိုင်ငံကြီးအချို့၏ သွေးထိုးခြယ်လှယ်လိုမှုကို တားဆီးကာကွယ်ကြရမည် ဖြစ်သည်။

အမျိုးသားယဉ်ကျေးမှု၊ ရိုးရာအနုပညာရပ်များကို မြတ်နိုးထိန်းသိမ်းသော မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးခြင်းဟူသည့် အမျိုးသားရေးစရိုက်လက္ခဏာဆောင်သော အခြေခံကောင်းများ ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာစေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်ကျင်းပပေးနေခြင်း ဖြစ်ပေသည်။

မကြာမီ ကျင်းပတော့မည့် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကျင်းပရာ၌ မိမိတို့နိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေးဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ လူငယ်ထု၏စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေးနှင့် တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးဟူသည့် မွန်မြတ်သည့် ရည်ရွယ်ချက်များကို ချမှတ်ပေးထားပေသည်။

ယင်းကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို မွန်မြတ်သည့် ရည်ရွယ်ချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပပေးခြင်းအားဖြင့် မျိုးဆက်သစ်လူငယ်များအတွက် ရိုးရာယဉ်ကျေးမှု အနုပညာရပ်များ၊ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများ၏ အဆင့်အတန်းမြင့်မားမှု၊ သိမ်မွေ့နက်ရှိုင်းမှု၊ အမျိုးသားရေးအနှစ်သာရ ပြည့်ဝမှုတို့ကို သိမြင်ခံစားနိုင်မည် ဖြစ်သည်။ မိမိနိုင်ငံနှင့် မိမိလူမျိုးအပေါ် ဂုဏ်ယူဝင့်ကြွား အလေးထားသောစိတ်ဖြင့် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးစောင့်တရားဖြစ်သည့် ဝံသာနုရက္ခိတစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်စသည့် မွန်မြတ်သောစိတ်ဓာတ်များ ပိုမိုထက်သန်မြင့်မားခိုင်မာစွာ ဖြစ်ထွန်းလာစေမည် ဖြစ်သည်။

သို့ဖြစ်ရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် အမျိုးသားရေး စရိုက်လက္ခဏာများမြင့်မားရေးတို့အတွက် တိုင်းရင်းသားပြည်သူများအားလုံးက အမျိုးသားရေးစိတ်ဓာတ် ထက်သန်စွာဖြင့် ပူးပေါင်းပါဝင်ပြီး ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## မြန်မာနိုင်ငံ ပြန်တမ်း

ရန်ကုန် စက်တင်ဘာ ၃၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် တရားရုံးချုပ်(ရန်ကုန်) ညွှန်ကြားရေးမှူးချုပ် ဦးစိုးညွန့်အား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန ဆေးတက္ကသိုလ်(၂) ရန်ကုန် ပါမောက္ခချုပ်အဖြစ် ယင်းတက္ကသိုလ် ကလေးကျန်းမာပညာဌာနမှ ပါမောက္ခ/ဌာနမှူး ဒေါက်တာဒေါ်သန်းနုရွှေအား တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် စက်တင်ဘာ ၃၀

ရန်ကုန်တိုင်း သန်လျင်မြို့ အုတ်ဖိုစုရပ်ကွက် အမှတ် (၂၄) သိပ္ပံလမ်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ အဖွဲ့ခွဲအမှတ် (၁၂၆)၏ ဝါတွင်းတရားစခန်းပွဲနှင့် မိုးကုတ်ဆရာတော်ကြီး၏ ခန္ဓာ ဝန်ချပွဲကို သီတင်းကျွတ်လဆန်း ၁၄ရက်မှ သီတင်းကျွတ်လပြည့်ကျော် ၅ရက်အထိ ကျင်းပမည်ဖြစ်သည်။

တရားစခန်းပွဲအဖွဲ့ချုပ် ကမ္မဋ္ဌာနာစရိယဆရာတော် ဘဒ္ဒန္တ ဓမ္မာနန္ဒ အရှင်မြတ်နှင့် ဆရာဦးကျော်နိုင်တို့က ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

## မြောက်ဥက္ကလာပ ခေမာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက် စံပြအရောင်းဆိုင်ဖွင့်ပွဲ ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အားပေး

ရန်ကုန် စက်တင်ဘာ ၃၀

**ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ခေမာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ စံပြအရောင်းဆိုင်ဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက မြောက်ဥက္ကလာပမြို့နယ် ခေမာသီလမ်းရှိ အဆိုပါအသင်းဆိုင်၌ ကျင်းပရာ သမဝါယမဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်း တက်ရောက်အားပေး ချီးမြှင့်သည်။**

### ဖဲကြိုးဖြတ်ဖွင့်

ရှေးဦးစွာ အသင်းဆိုင်ကို သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးစိုးဝင်း၊ ရန်ကုန်တိုင်း အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုချုပ် ဥက္ကဋ္ဌ ဦးရဲအောင်နှင့် မြို့နယ်အထွေထွေ စီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးတင်ဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးနှင့်ဧည့်သည်တော်များသည် အသင်းဆိုင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အသင်းဆိုင်တွင် အခြေခံစားကုန်၊ လူသုံးကုန်၊ စာရေးကိရိယာ၊ အလှကုန်ပစ္စည်း၊ အိမ်သုံးဆေးဝါးများ ရောင်းချလျက်ရှိသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဥက္ကလာပမြို့နယ်ရှိ အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနရုံးချုပ်သို့ရောက်ရှိပြီး အစည်းအဝေးခန်းမ၌ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

### ကြည့်ရှုစစ်ဆေး

ထိုသို့ တွေ့ဆုံရာတွင် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်သန်းက ဌာန၏ လုပ်ငန်းဆိုင်ရာ အခြေအနေများ၊ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေမှုများကို တင်ပြသည်။ ဆက်လက်၍ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင့်လွင်ဦးက ဌာန၏ဖွဲ့စည်းပုံ၊ ဌာနခွဲအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ကွန်ပျူတာဆလိုက်ဖြင့် ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် အိမ်တွင်းစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ဗဟိုဓာတ်ခွဲခန်း၊ ရှေ့ပြေးအဆင့် စမ်းသပ်ခန်း၊ ပလတ်စတစ်အမိုးပြားစမ်းသပ်ထုတ်လုပ်နေမှု၊ ပိုစီဆပ်ပြာကရင်ထုတ်လုပ်မှုနှင့်ယုဇနစားအုန်းဆီလုပ်ငန်းမှ မှာယူထားသော ဆီသန့်စက်ပစ္စည်းများ ထုတ်လုပ်ထားရှိမှုများ လိုက်လံကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား

၁-၁၀-၂၀၀၄

(သောကြာနေ့)

### နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

### ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြပဟန်ဂီတသံ
၄း၂၀ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၃၅ ၆။ မျိုးချစ်တပ်မတော်
၄း၄၅ ၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် ပထမနှစ်(ပထဝီဝင်အထူးပြု) Landform of Arid Regions
၅း၃၀ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၀ ၁၅။ မြန်မာ့ရှုခင်း
၆း၄၀ ၁၆။ လျှပ်တစ်ပြက်
၇း၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မျက်ရည်မိုး"**(အပိုင်း-၃၂)
၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နာမည်တစ်လုံးနှင့် နေကြသူများ"** (လူမင်း-အိန္ဒြာကျော်ဇင်) (ဒါရိုက်တာ-ကျော်ဇောလင်း)

## ဆုချီးမြှင့်

**စက်တင်ဘာ ၂၅ရက်က ဗဟန်းမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင် ကျောင်းသားကျောင်းသူများနှင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဒေါ်ကြူကြူရွှေ က ခြောက်ဘာသာ ဂုဏ်ထူးရှင် မဖြူဖြူခိုင်အား ရွှေရင်ထိုးတံဆိပ် ချီးမြှင့်စဉ်။** (သတင်းစဉ်)



## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှစ်ပတ်လည်အမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယသမ္မတ မစ္စတာကျန်းချင်းဟုန်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး နိုင်ဂျီးရီးယားနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ ဒုတိယသမ္မတ အယ်(လ်)ဟာဂျီအာတီကူ အာဘူဘေကာထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှစ်ပတ်လည်အမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်ထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီဝန်ကြီးချုပ် မစ္စတာဝမ်ကြားပေါင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

### အမှာစကားပြော

**ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ ကျင်းပသည့် National Consultative Workshop on UN Millennium Development Goalsတွင် အဖွင့်အမှာစကား ပြောကြားစဉ်။**

(သတင်းစဉ်)

## နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း နှစ်ပတ်လည်အမျိုးသားနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ တည်ထောင်သည့် (၅၅)နှစ်မြောက် နှစ်ပတ်လည်အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ လီကျောက်ရှင်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း နိုင်ဂျီးရီးယားနိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ပြည်ထောင်စုသမ္မတ နိုင်ဂျီးရီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ အိုလူယေမိအဒီနီဂျီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

## နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်း ဆိုက်ပရပ်(စ်)နိုင်ငံလွတ်လပ်ရေးနေ့သဝဏ်လွှာပေးပို့

**ရန်ကုန် အောက်တိုဘာ ၁**

၂၀၀၄ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်သော ဆိုက်ပရပ်(စ်) သမ္မတနိုင်ငံ၏ လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ဆိုက်ပရပ်(စ်) သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဂျော့ဂျီးယော့(စ်)၊အိုင်ယာကိုဗို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**



## မြန်မာနိုင်ငံ၏ကျန်းမာရေးအညွှန်းကိန်း တိုးတက်မှုများ နိုင်ငံတကာကသိရှိနိုင်ရေး ထုတ်ပြန်မည့်အခြေအနေများဆွေးနွေး တိုးတက်လာသည့် ကျန်းမာရေးစောင့်ရှောက်မှုသမိုင်းမှတ်တိုင် စိုက်ထူနိုင်ရေးဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃၀

**ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးစီမံကိန်းဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့် ကျန်းမာရေးဆိုင်ရာအညွှန်းကိန်းများ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းဗဟိုဌာန အဆောက်အအုံ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။**

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါက်တာ ဒေါ်ခင်ဝင်းရွှေ၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ စီမံချက်မန်နေဂျာများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးမှ ပြည်နယ်/တိုင်း ကျန်းမာရေးဦးစီးဌာနမှူးများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေ ကိုယ်စားလှယ် Dr. Agostino Borra နှင့် တာဝန်ရှိသူများ၊ နီးနွှယ်သောဌာနများနှင့်လူမှုရေးအသင်းအဖွဲ့များမှဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကားပြောကြားရာတွင် ကျန်းမာရေးဝန်ကြီးဌာန အနေနှင့် MDG နှင့်ပတ်သက်၍ ကျန်းမာရေးနှင့်သက်ဆိုင်သော အညွှန်းကိန်း ၁၈ခု၏ တိုးတက်မှုမှတ်တမ်းကို ပြုစုရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ၂၀၀၃ ခုနှစ်အထိ ကျန်းမာရေးနှင့်သက်ဆိုင်သော အောင်မြင်မှုအခြေအနေကို ပြုစုရန်အတွက် ယခုကဲ့သို့ ဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း။

### ထည့်သွင်းဆွေးနွေး

ယခုအစည်းအဝေးတွင် Baseline data ဘာကိုယူမည်၊ကိန်းဂဏန်းမရသေးသည့် အညွှန်းကိန်းများကို မည်ကဲ့သို့ ကောက်ကြမည်ဆိုသည်များကို ဆွေးနွေးကြမည် ဖြစ်ကြောင်း၊ ဤဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်သည့်ပုဂ္ဂိုလ်များ အားလုံးက ထောင်စုနှစ် ကျန်းမာရေး အညွှန်းကိန်းများနှင့် စပ်လျဉ်း၍ ၂၀၀၃ ခုနှစ်အထိအခြေအနေများကို သုံးသပ်ပြီး ၂၀၁၅ ခုနှစ်တွင် မျှော်မှန်းသည့် ပန်းတိုင်ရောက်အောင် ဆောင်ရွက်ရာတွင် ရင်ဆိုင်ရမည့် အခက်အခဲ ပြဿနာများကို မည်ကဲ့သို့ ဖြေရှင်းကြမည်ဆိုသည်ကို ထည့်သွင်း ဆွေးနွေးကြရန်လည်း တိုက်တွန်းလိုကြောင်း။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် နိုင်ငံတော်အကြီးအကဲနှင့် အမျိုးသားကျန်းမာရေးကော်မတီ၏ ဦးဆောင်လမ်းညွှန်မှုနှင့်အညီကျန်းမာရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

### နိုင်ငံတကာသိရှိရေး

ကျန်းမာရေး စောင့်ရှောက်မှုများ၏ ထိရောက်မှုအတိုင်းအတာကို လက်တွေ့ကျကျပြမည့် အညွှန်းကိန်းတွက်ချက်နိုင်ရန် သတင်းအချက်အလက်များကို မည်ကဲ့သို့ စုဆောင်းရယူကြမည်၊ သတင်းအချက်အလက်များ ကျိုးကြောင်းဆီလျော် ညီညွတ်မှု၊ မှန်ကန်မှု၊ အချိန်မီသတင်း ရယူနိုင်ရန်မည်ကဲ့သို့ ဝိုင်းဝန်းဆောင်ရွက်ကြမည်၊ မြန်မာနိုင်ငံ၏ ကျန်းမာရေး အညွှန်းကိန်းများနှင့် စပ်လျဉ်းပြီး တိုးတက်မှု အခြေအနေများကို နိုင်ငံတကာမှသိရှိနိုင်ရန် မည်ကဲ့သို့ ထုတ်ပြန်ကြမည် စသည်ဖြင့် ဆွေးနွေးကြရမည်ဖြစ်ကြောင်း။

### သမိုင်းမှတ်တိုင်စိုက်ထူ

လူသားအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော အခန်းကဏ္ဍဖြစ်သည့် ကျန်းမာရေးဆိုင်ရာ တိုးတက်ပြောင်းလဲမှုများကို မှတ်တမ်းတင်မည့် ဤအလုပ်ရုံဆွေးနွေးပွဲသည် လွန်စွာမှ အရေးကြီးသည့်အတွက် ပါဝင်တက်ရောက်လာသော ပညာရှင်များအနေဖြင့် မိမိတို့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ စိတ်ပါဝင်စားစွာ အကြံကောင်း ဉာဏ်ကောင်းများကို ဖော်ထုတ်ဆွေးနွေးကြရန် မေတ္တာရပ်ခံလိုကြောင်း၊ မြန်မာနိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်ဖွံ့ဖြိုးမှု သမိုင်း မှတ်တိုင် စိုက်ထူနိုင်ရန် ဝိုင်းဝန်းဆောင်ရွက်ကြပါဟု တိုက်တွန်းပြောကြားလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဌာနေကိုယ်စားလှယ် Dr. Agostino Borra က အမှာစကား ပြောကြားသည်။

### အမှာစကားပြောကြား

ဆက်လက်၍ ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်များနှင့် ကျန်းမာရေးဆိုင်ရာအညွှန်းကိန်းများ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရာ ဆွေးနွေးပွဲသဘာပတိအဖြစ် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးက ဆောင်ရွက်ပြီး အမှာစကားပြောကြားသည်။

### ဝိုင်းဝန်းအကြံပြု

ယင်းနောက် ကျန်းမာရေးစီမံကိန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကြည်စိုးက ထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့် လက်ရှိကျန်းမာရေးဆိုင်ရာ အညွှန်းကိန်းများအခြေအနေကို ရှင်းလင်းတင်ပြပြီး အညွှန်းကိန်းအခြေခံစာရင်းဇယားများကောက်ယူခြင်း၊ ယခင်နှစ်များနှင့် လက်ရှိအညွှန်းကိန်းများ အခြေအနေ၊ အနာဂတ် စီမံကိန်းလျာထားသတ်မှတ်ချက်ကို ညွှန်ကြားရေးမှူး (ကျန်းမာရေးသတင်းအချက်အလက်) ဒေါက်တာ ဒေါ်တင်လင်းမြင့်က ရှင်းလင်းတင်ပြကာ ဆွေးနွေးပွဲတက်ရောက်လာကြသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးကြပြီး အလုပ်ရုံဆွေးနွေးပွဲကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁ ရက်တွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။**(သတင်းစဉ်)**

# အမေရိကန်ဦးဆောင်သော အီရတ်စစ်ပွဲဆင်နွှဲရန်အကြိုကာလ အရှိန်ယူရာတွင် မှားယွင်းသော ထောက်လှမ်းရေးသတင်းများရရှိခဲ့ဟု ဘလဲဝန်ခံ

လန်ဒန် စက်တင်ဘာ ၂၇

**အီရတ်ကို အမေရိကန်ဦးဆောင်ပြီး စစ်ဆင်ရေးဆင်နွှဲရန်အတွက် စစ်ပွဲအကြိုကာလ၌ အရှိန်ယူရာတွင် မိမိတို့ရရှိခဲ့သော ထောက်လှမ်းရေးသတင်းများသည် မှားယွင်းမှုများရှိခဲ့ကြောင်း ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲက တနင်္ဂနွေနေ့၌ ဝန်ခံပြောကြားလိုက်သည်။**



အီရတ်၌ ထိထိရောက်ရောက် အသုံးချနိုင်စွမ်းရှိသောလက်နက်များ အမှန်တကယ်ရှိသည်ဆိုသော ထောက်လှမ်းရေးသတင်းသည် အမှားဖြစ်ကြောင်း၊ ထိုမှားယွင်းသော ထောက်လှမ်းရေးသတင်းများအပေါ် မိမိလုပ်ဆောင်ချက်သည်လည်း မှားခဲ့ကြောင်း ဘီဘီစီက တွေ့ဆုံမေးမြန်းရာ၌ ဘလဲက ဝန်ခံပြောကြားသည်။

## ပေါ်ထွက်လာ

ဘလဲ၏ ဝေဖန်ချက်များသည် အီရတ်နိုင်ငံ၌ အမေရိကန်တို့ထိန်းချုပ်ထားသည့် အကျဉ်းစခန်းများတွင် ဖမ်းဆီးခံထားရသော အီရတ်အမျိုးသမီးများအားလုံးကို လွှတ်ပေးရန်တောင်းဆိုထားသည့် အီရတ်ခုခံတိုက်ခိုက်ရေး ပြောက်ကျားတို့ ဖမ်းဆီးထားသော ဗြိတိန်လူမျိုး ကင်းဘစ်ဂလီအတွက် စိုးရိမ်မှုများဖြစ်ပေါ်နေစဉ်အတောအတွင်း ပေါ်ထွက်လာခဲ့ခြင်း ဖြစ်သည်။

ဘလဲသည် အီရတ်မှ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရေးကိစ္စကို တင်းခံနေဆဲဖြစ်ပြီး ထိုသို့ရုပ်သိမ်းခြင်းသည် အကြမ်းဖက်သမားတို့အား အရှုံးပေးရာရောက်ကြောင်း မရမက ပြောဆိုနေခဲ့သည်။

**အမ်အင်အေ၊ ဆင်ဟွာ**

## ငိုကြွေး

**ဘဂ္ဂဒက်မြို့ဆာဒါစီးတီးအရပ်အား အမေရိကန်တပ်ဖွဲ့က လေကြောင်းမှ တိုက်ခိုက်မှုကြောင့် သားများဒဏ်ရာရရှိခဲ့ပြီး မြေးတစ်ဦးသေဆုံးခဲ့ရသည့်အတွက် ကြေကွဲစွာငိုကြွေးနေသော အီရတ်အမျိုးသမီးကြီးတစ်ဦးကို စက်တင်ဘာ ၂၆ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# လူထုသဘောထား ကောက်ယူမှုတွင် ဘလဲ၏ပါတီ တတိယနေရာသို့ကျဆင်းခဲ့

**လန်ဒန် စက်တင်ဘာ ၂၇**

အီရတ်စစ်ပွဲနှင့် စပ်လျဉ်း၍ လူထု၏ အမုန်းခံနေရသော ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲသည် လေဘာပါတီ နှစ်ပတ်လည် ညီလာခံအကြိုနေ့တွင် ပြုလုပ်ခဲ့သော လူထုသဘောထားကောက်ယူမှု၌ သူ၏လေဘာပါတီ တတိယနေရာသို့ ကျဆင်းသွားခဲ့သည်။

## တတိယ

နယူးစ်အော့ဖ်သည် ဝေါလ်သတင်းစာက တနင်္ဂနွေနေ့၌ ပြုလုပ်ခဲ့သော လူထုသဘောထား ကောက်ယူမှုတွင် လေဘာပါတီက ၂၈ရာခိုင်နှုန်းဖြင့် တတိယနေရာရရှိခဲ့သည်။

## ထိပ်ဆုံး

အတိုက်အခံ ကွန်ဆာဗေးတစ်က ၃၂ ရာခိုင်နှုန်းဖြင့် ထိပ်ဆုံး၌ရှိကာ လစ်ဘရယ်ဒီမိုကရက်ပါတီက ၂၉ရာခိုင်နှုန်းဖြင့် ဒုတိယနေရာ၌ ရှိသည်။

အောဗဇာဗာသတင်းစာကပြုလုပ်သော ဒုတိယအကြိမ် လူထုသဘောထားစစ်တမ်း၌ လေဘာပါတီက ၃၂ ရာခိုင်နှုန်း ဖြင့် ဒုတိယနေရာ၌ရှိပြီး ကွန်ဆာဗေးတစ်ပါတီက ၃၃ ရာခိုင်နှုန်း ရရှိခဲ့သည်။

## ဝန်ခံ

ဘလဲသည် ၎င်း၏ လေဘာပါတီညီလာခံ၌ အီရတ်ကိစ္စကို အာရုံစူးစိုက်မှုမှနေ၍ ပြည်တွင်းရေးသို့လမ်းလွှဲအောင် ကြိုးပမ်းမည်ဖြစ်သည်။ အီရတ်စစ်ပွဲသည် ၎င်းအပေါ် ထောက်ခံမှုကို လျော့သွားစေခဲ့ကြောင်းဘလဲက ဝန်ခံခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

# စက်တင်ဘာ ၂၉ ရက်အထိ အီရတ်၌ သေဆုံးသော ကန်တပ်ဖွဲ့ဝင် ၁၀၅၃ ဦး ရှိသွားပြီ

ဘဂ္ဂဒက် စက်တင်ဘာ ၃၀

**အီရတ်နိုင်ငံအား အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့များသည် ၂၀၀၃ ခုနှစ် မတ် ၂၀ရက်က စတင်ပြီး ဝင်ရောက် ကျူးကျော်တိုက်ခိုက်ခဲ့ကြသည်။ ထိုသို့တိုက်ခိုက်ခဲ့ချိန်မှစပြီး အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များသည် ယနေ့ထိတိုင်အောင် အီရတ်နိုင်ငံ၌ သေဆုံးဒဏ်ရာရလျက်ရှိကြသည်။**

စက်တင်ဘာ ၂၉ရက် ဗုဒ္ဓဟူးနေ့၌ အမေရိကန်ကာကွယ်ရေးဌာနက ထုတ်ပြန်သော သေဆုံးစာရင်းတွင် ၁၀၅၃ ဦးရှိသွားပြီဖြစ်ကြောင်း ဖော်ပြထားရာ ယင်းအနက် ၈၀၀ မှာ တိုက်ပွဲ၌ သေဆုံးပြီး ၂၅၃ ဦးမှာအခြားအကြောင်းများကြောင့် သေဆုံးခြင်းဖြစ်ကြောင်း သိရသည်။

## သေဆုံး

ထို့အပြင် အီရတ်နိုင်ငံ၌ အခြားတပ်ဖွဲ့ဝင်များလည်း သေဆုံးမှုရှိခဲ့ရာ ဗြိတိသျှ ၆၇ ဦး၊ အီတလီ ၁၉ ဦး၊ စပိန် ၁၁ ဦး၊ ဘူဂေးရီးယား ခြောက်ဦးနှင့် ပိုလန် ၁၃ဦး၊ ယူကရိန်း ရှစ်ဦး၊ ဆလိုဗက်ကီးယား သုံးဦး၊ အခြားနှစ်ဦး၊ နယ်သာလန်နှစ်ဦး၊ ဒိန်းမတ်၊ ဆာဗေဒို၊ အက်စ်တိုးနီးယား၊ ဟန်ဂေရီ၊ လတ်ဗီးယားတို့တစ်ဦးစီသေဆုံးခဲ့ကြသည်ဟုဆိုသည်။ သမ္မတ ဘုရှ်က ၂၀၀၃ ခုနှစ် မေ ၁ ရက်၌ အီရတ်တွင် စစ်ပွဲပြီးဆုံးကြောင်း ကြေညာခဲ့ချိန်မှစပြီး အီရတ်၌ သေဆုံးခဲ့သော အမေရိကန်တပ်ဖွဲ့ဝင်အရေအတွက်မှာ ၉၁၅ဦးဖြစ်ပြီး ယင်းအနက် ၆၉၁ဦးမှာ တိုက်ပွဲ၌သေဆုံး၍ ၂၂၄ ဦးမှာ အခြားအကြောင်းများကြောင့် သေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ **(အင်တာနက်)**

# တရုတ်နှင့်ကျူးဘား ပူးပေါင်းဆောင်ရွက်ရေး မဆုတ်မနစ်သည့်မူဝါဒ တရုတ်ချမှတ်ထား

**ပေကျင်း စက်တင်ဘာ ၂၇**

တရုတ်ပြည်သည် ကျူးဘားနှင့် ကျစ်လျစ်ခိုင်မာသော ပူးပေါင်းဆောင်ရွက်ရေးတွင် မဆုတ်မနစ်သည့်မူဝါဒကို ချမှတ်ထားပြီး အဆိုပါမူဝါဒသည် နိုင်ငံတကာ အခြေအနေပြောင်းလဲမှုများကို ထည့်သွင်းမစဉ်းစားဘဲ ပြောင်းလဲမည်မဟုတ်ကြောင်း တရုတ်သမ္မတ ဟူကျင်တောင်က စနေနေ့၌ ပြောကြားလိုက်သည်။

## တွေ့ဆုံဆွေးနွေး

ဟူကျင်တောင်သည် ကျူးဘားကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၏ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် ကျူးဘားနိုင်ငံတော်ကောင်စီ ဒုတိယဥက္ကဋ္ဌ ဂျိုးစ်ရာမွန်မာချာဒိုဗင်တူရာနှင့် တွေ့ဆုံဆွေးနွေးရာတွင် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

စုပေါင်းအားထုတ်မှုနှင့်အတူ တရုတ်နှင့်ကျူးဘား နှစ်နိုင်ငံခင်မင်ရင်းနှီးမှုသည် ပိုမိုဖွံ့ဖြိုးတိုးတက်မည်ဟု ယုံကြည်ကြောင်း တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီအထွေထွေ အတွင်းရေးမှူးလည်းဖြစ်သူ ဟူကျင်တောင်က ပြောသည်။

**အမ်အင်အေ၊ ဆင်ဟွာ**

# အီရတ်နွံအိုင်အတွင်း ကန်တို့ လှုပ်လေမြုပ်လေဖြစ်နေ ကန်လွှတ်တော်အမတ် အက်ဒ်ဝပ်ကနေဒီ ပြောကြား

ဝါရှင်တန် စက်တင်ဘာ ၂၆

**အမေရိကန်ပြည်ထောင်စုသည် အီရတ်နွံအိုင်ထဲ၌ နစ်မြုပ်နေကြောင်း အမေရိကန်အထက်လွှတ်တော် ထိပ်တန်းခေါင်းဆောင်တစ်ဦးက ပြောကြားလိုက်ပြီး စက်တင်ဘာ ၁၁ရက်တိုက်ခိုက်မှုနောက်ပိုင်း အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင် အိုဆမာဘင်လာဒင်အား ရှာဖွေသည့်လုပ်ငန်းမှနေ၍ အီရတ်ကိုစစ်ပွဲဆင်နွှဲသည့်ဘက်သို့ လမ်းလွှဲခဲ့ကြောင်း ဝေဖန်ပြောကြားလိုက်သည်။**

စက်တင်ဘာ၁၁ရက်နောက်ပိုင်း အမေရိကန်တို့၏ လုံခြုံရေးကို အကြီးအကျယ်ခြိမ်းခြောက်သည်မှာ အယ်လ်ခိုင်ဒါနှင့် အိုဆမာဘင်လာဒင်ပင်ဖြစ်ကြောင်း ဒီမိုကရက်တစ်အထက်လွှတ်တော်အမတ် အက်ဒ်ဝပ်ကနေဒီက စီဘီအက်စ်ရုပ်မြင်သံကြားသို့ ပြောကြားသည်။

အယ်လ်ခိုင်ဒါနှင့် အိုဆမာဘင်လာဒင်ကို ထိထိရောက်ရောက် ဖြေရှင်းနှိမ်နင်းနိုင်သော အစီအစဉ် မိမိတို့၌ရှိခဲ့ကြောင်း၊ သို့ရာတွင် မိမိတို့သည် လမ်းကြောင်းလွှဲပြီး အီရတ်နိုင်ငံအား စစ်မက်ဆင်နွှဲရန် အီရတ်သို့ရောက်ရှိခဲ့ကြကြောင်း၊ အီရတ်သို့ရောက်ရှိခဲ့သည့် ရလဒ်မှာ အီရတ်နွံအိုင်အတွင်း၌ မိမိတို့နစ်မြုပ်နေရခြင်းပင်ဖြစ်ကြောင်းမက်ဆက်ချူးဆက်အထက်လွှတ်တော်အမတ်က ဖော့စ်သည်နေးရှင်းအစီအစဉ်၌ ပြောကြားသည်။

## လှုပ်လေမြုပ်လေ

အီရတ်နှင့်ပတ်သက်၍ လိုရာဆွဲပြီး မမှန်မကန်ပြောသည့် လိမ်ညာမှုများမှ မိမိတို့လွှန်မြောက်အောင် လုပ်ရမည်ဖြစ်ကြောင်း၊ အချိန်တိုင်းလိုလို မိမိတို့သည် မှားယွင်းသောအယူအဆကြောညာချက်များကို ရရှိခဲ့ကြောင်း၊ မိမိတို့သည် အီရတ်နွံအိုင်ထဲ၌ လှုပ်လေမြုပ်လေဖြစ်နေရကြောင်း အက်ဒ်ဝပ်ကနေဒီက ပြောကြားသည်။ **(အင်တာနက်)**

# နိုင်ငံတကာ သတင်းများ

မြန်မာ့အလင်း

## အိမ်ပျက်စီး

**ဖော်လူဂျာမြို့အား အမေရိကန်တပ်ဖွဲ့ဝင်များက လေကြောင်းမှတိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော အိမ်တစ်လုံးကို စက်တင်ဘာ ၂၅ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



1-10 (04).p65 1 24.03.1905, 11:29 PM




# ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကိစ္စရပ်များ တိုးတက်ရေး အပြန်အလှန်ယုံကြည်ကုလသညီလာခံ၌ တရုတ်နိုင်ငံခြားရေးဝန်ကြီး ပြောကြား

ကုလသမဂ္ဂ စက်တင်ဘာ ၂၈

**ကမ္ဘာ့ငြိမ်းချမ်းရေးတိုးတက်စေရန်နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေးညှိနှိုင်းကြရာတွင် ညီညီညွတ်ညွတ်နှင့် ပူးပေါင်းဆောင်ရွက်ရေး၊ အပြန်အလှန် ယုံကြည်မှုရှိရေးနှင့် အပြန်အလှန်အကျိုးရှိရေးဆိုသည့် လုံခြုံရေးဆိုင်ရာ သဘောတရားအသစ်တစ်ရပ်အပေါ် တရုတ်နိုင်ငံက ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိကြောင်း တရုတ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး လီကျောက်ရှင်းက တနင်္လာနေ့တွင် ပြောကြားလိုက်သည်။**

## ပြောကြား

အယူအဆနှင့် သဘောတရားရေးရာ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖြေရှင်းရန်နှင့် နိုင်ငံတကာဆက်ဆံရေးများတွင် အခြားနိုင်ငံအသီးသီး၏ လုံခြုံရေးနှင့် ပတ်သက်၍ အလေးထားကြရန် လူမှုရေးဆိုင်ရာစနစ်များနှင့် အတွေးအခေါ်အယူအဆတွင် နိုင်ငံများအနေဖြင့် ကွဲပြားခြားနားမှုများကို ကျော်လွှားနိုင်ရန် အဆိုပါ နိုင်ငံတကာဆိုင်ရာ လုံခြုံရေးသဘောတရားအသစ်ပေါ်တွင် ရပ်တည်ကြရေးကို ကျင်းပနေသော (၆၄)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ၌ တရုတ်နိုင်ငံခြားရေး ဝန်ကြီးက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

## အကျိုးကျေးဇူးမရှိ

လုံခြုံရေး အပြည့်အဝမရရှိမှုနှင့် နိုင်ငံတကာမျက်နှာစာတွင် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများမှာ အချို့နိုင်ငံများအတွက် မေးခွန်းထုတ်စရာများဖြစ်နေကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး အကျိုးကျေးဇူးတစ်စုံတစ်ရာမျှ မရရှိကြောင်း ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## စစ်ဆေး

**အိန္ဒိယနိုင်ငံ၏ ထိပ်တန်းမော်တော်ကားကုမ္ပဏီတစ်ခုဖြစ်သည့် တာတာမော်တော်ကားကုမ္ပဏီမှထုတ်လုပ်သော ကားများကို နောက်ဆုံးအဆင့် စစ်ဆေးမှုများ ပြုလုပ်နေသည်ကို စက်တင်ဘာ ၂၈ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)



# တရုတ်စီးပွားရေးတိုးတက်မှု ရေရှည်တည်တံ့စေရန် စွမ်းအင်အရင်းအမြစ်သစ်များ ရှာဖွေသုံးစွဲလာရ

ရန်ကုန် စက်တင်ဘာ ၂၈

**စွမ်းအင်အရင်းအမြစ်များကို ကြီးမားစွာ စူးစမ်းရှာဖွေ သုံးစွဲခြင်းသည် အရင်းအမြစ်များ ကုန်ခန်းလျော့ပါးပြီး ပတ်ဝန်းကျင်ကိုပျက်စီးစေရာ တရုတ်နိုင်ငံသည် ယင်း၏စီးပွားရေး တိုးတက်မှုရေရှည်တည်တံ့စေရန်အတွက် စွမ်းအင်အရင်းအမြစ်သစ်များကို ရှာဖွေသုံးစွဲလာခဲ့ရသည်။**

တရုတ်နိုင်ငံ၏စုစုပေါင်းပြည်တွင်းထုတ်လုပ်မှုသည် ၁၉၄၉ခုနှစ်၌ တရုတ်နိုင်ငံသစ် စတင်ထူ ထောင်ခဲ့ချိန်မှစပြီး ၁၀ဆကျော် တိုးလာခဲ့သော်လည်း ထိုကာလအတွင်း စွမ်းအင်သုံးစွဲမှုသည် အဆ၄၀မျှ ရှိလာခဲ့သည်။

စွမ်းအင်ကို ကြီးမားစွာ သုံးစွဲခြင်းကြောင့် စွမ်းအင် မလုံမလောက်ဖြစ်လာကာ ပတ်ဝန်းကျင်ကို ဆိုးရွားစွာပျက်ပြားစေခဲ့သည်ဟု လီလျောင်နင် စက်မှုလက်မှု အင်ဂျင်နီယာတက္ကသိုလ်ဥက္ကဋ္ဌ ရှီကျင်ဖန်းက ပြောကြားသည်။

ထို့ပြင် တရုတ်နိုင်ငံသည် အိမ်များတွင်လည်းကောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရာတွင်လည်းကောင်း စက်မှုလုပ်ငန်းများတွင်လောင်စာအဖြစ် အသုံးပြုနိုင်သော မီသိန်းဓာတ် ငွေ့ပါ ကျောက်မီးသွေးကဲ့သို့ စွမ်းအင် အရင်းအမြစ်သစ်ကို ရှာဖွေရမည့် အလားအလာရှိကြောင်း လီလျောင်နင် စက်မှုလက်မှု အင်ဂျင်နီယာတက္ကသိုလ်မှ ပါမောက္ခဝမ်လိုင်ဂီကပြောကြားသည်။

မကြာမီသော နှစ်များအတွင်း၌ တရုတ်နိုင်ငံသည် မီသိန်းဓာတ် ငွေ့ပါရှိသော ကျောက်မီးသွေး ရှာဖွေသုံးစွဲမှုတွင် တိုးတက်မှု ရှိခဲ့သည်။ စာရင်းဇယားများအရ တရုတ်နိုင်ငံတွင် အသုံးပြုရန် သီးသန့် သိုမှီးထားသော မီသိန်းဓာတ်ငွေ့ပါ ကျောက်မီးသွေး ကုဗမီတာ ၃၀ ထရီလီယံအထိ ရှိကြောင်း သိရသည်။

ထိုမီသိန်းဓာတ်ငွေ့ပါ ကျောက်မီးသွေးအပြင် တရုတ်နိုင်ငံသည် ယခုအခါ သဘာဝဓာတ်ငွေ့နှင့် ရေအရောလောင်စာ သို့မဟုတ် ရေခဲလောင်စာဟုခေါ်သော လောင်စာတစ်မျိုးကို စတင်ထုတ်လုပ်ခဲ့သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ပထမဆုံး တရုတ်အာကာသယာဉ်မှူးအား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်မည်

ဟောင်ကောင် စက်တင်ဘာ ၂၉

**ပထမဆုံး တရုတ်အာကာသယာဉ်မှူးဖြစ်သူ ယန်လီဝေအား ဟောင်ကောင် တရုတ်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ချီးမြှင့်မည်ဖြစ်ပြီး အဆိုပါချီးကျူးဂုဏ်ပြုပွဲကို လာမည့် ဒီဇင်ဘာလ ၉ ရက်တွင် ကျင်းပမည် ဖြစ်ကြောင်း တက္ကသိုလ်က သတင်းတစ်ရပ်ထုတ်ပြန်သည်။**

## ဒေါက်တာဘွဲ့

ယန်လီဝေအား သိပ္ပံဆိုင်ရာ ဒေါက်တာဘွဲ့ကိုလည်း ချီးမြှင့်မည်ဖြစ်သည်။ ၎င်းသည် ပြည်သူ့လွတ်မြောက်ရေးတပ်၏ နံပါတ်(၈) လေယာဉ်မောင်းအတတ်သင်ကောလိပ်မှ ဒီဂရီဘွဲ့ရရှိခဲ့ပြီး ၁၉၉၈ခုနှစ်တွင် အမျိုးသားအာကာသယာဉ်မှူးများအဖွဲ့၏ အဖွဲ့ဝင်တစ်ဦး ဖြစ်လာခဲ့သည်။

တရုတ်ပြည်၏ ပထမဆုံး လူလိုက်ပါသော အာကာသယာဉ်မှူးဖြစ်သူ ယန်သည် ၂၀၀၃ခုနှစ် အောက်တိုဘာလ ၁၅ရက်တွင် ရှန်ကျိုး-၅ အာကာသယာဉ်ဖြင့် ကမ္ဘာမြေပြင်အထက် ကီလိုမီတာ ၆၀၀၀၀၀ခန့်အကွာမှ ကမ္ဘာကို ၁၄ ကြိမ်ပတ်၍ ပျံသန်းနိုင်ခဲ့သည်။ **အမ်အင်အေ၊ ဆင်ဟွာ**

# 'လ' သို့လူမပါသောစူးစမ်းလေ့လာရေးအစီအစဉ် ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း အိန္ဒိယကဆောင်ရွက်မည်

နယူးဒေလီ စက်တင်ဘာ ၂၈

**အိန္ဒိယနိုင်ငံ၏ လူလိုက်ပါခြင်းမရှိသော 'လ'စူးစမ်းလေ့လာရေးအစီအစဉ်သည် အဆင်ပြေချောမွေ့စွာ တိုးတက်အောင်မြင်လျက်ရှိသည်။ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း အိန္ဒိယနိုင်ငံသည် အဆိုပါလူလိုက်ပါခြင်းမရှိသော 'လ' စူးစမ်းလေ့လာရေးအစီအစဉ် ချန်ဒရာယန်ကို ဆောင်ရွက်နိုင်ဖွယ်ရှိကြောင်း အိန္ဒိယအာကာသအေဂျင်စီ အကြီးအကဲ ဂျီမာဒါဗန်နာယာက တနင်္ဂနွေနေ့၌ ပြောကြားလိုက်သည်။**

ကုန်ကျစရိတ် အလွန်ကြီးမားသည့်အတွက် ယင်းအစီအစဉ်ကိုလုပ်ဆောင်မည် မလုပ်ဆောင်မည်ဆိုသည်ကို သိပ္ပံ အသိုင်းအဝိုင်းအတွင်း အချေအတင်ဆွေးနွေးမှုအများအပြား လုပ်ဆောင်ခဲ့ရကြောင်း၊ သို့သော်လည်း စီမံကိန်းကုန်ကျစရိတ်မှာ ဒေါ်လာ ၈၃ သန်းမျှသာရှိသည်ဟု မိမိပြောကြားလိုကြောင်း အိန္ဒိယအာကာသ စူးစမ်းလေ့လာရေးအဖွဲ့ဥက္ကဋ္ဌနာယာက ပြောကြားသည်။ မကြာသေးမီက လွှတ်တင်ခဲ့သော ပညာရေးဂြိုဟ်တု အီဂျူဆက်သည် ကမ္ဘာ့ပတ်လမ်းကြောင်းတွင် လည်ပတ်မှုအခြေအနေကောင်းမွန်လျက်ရှိကြောင်း သီတင်းလေးပတ်အတွင်း အီဂျူဆက်သည် စတင်လုပ်ငန်းလည်ပတ်တော့မည်ဖြစ်ကြောင်း မစ္စတာနာယာက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အသက် ၁၈ နှစ်အောက်ဆယ်ကျော်သက်များ ဆေးလိပ်သောက်လျှင် မလေးရှား၌ ဒဏ်ငွေရိုက်ပြီး၊ ထောင်ဒဏ်အပြစ်ပေးမည်

ကွာလာလမ်ပူ စက်တင်ဘာ ၂၈

**မလေးရှားအစိုးရက ပြဋ္ဌာန်းထားသော ဆေးလိပ်သောက်မှု ဆန့်ကျင်ရေးလုပ်ငန်း ဆောင်ရွက်ချက်သစ်အရ အသက် ၁၈ နှစ်အောက် ဆေးလိပ်သောက်သုံးသော မလေးရှားဆယ်ကျော်သက်အရွယ်များအား ဒဏ်ငွေရင်းဂျစ် ၁၀၀၀(၂၆၃ဒေါ်လာ) တပ်ရိုက်မည်ဖြစ်သည်။**

## ပြောကြား

ထိုဆယ်ကျော်သက်ရွယ်များအား စီးကရက်ရောင်းချသူများကိုလည်း ရင်းဂျစ် ၁၀၀၀၀ (ဒေါ်လာ ၂၆၃၀) သို့မဟုတ် ထောင်နှစ်နှစ်ကျော် ချမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ချူဟွာဆိုင်လက်ခ်က သတင်းထောက်များအား ပြောကြားသည်။

## ထည့်သွင်း

မလေးရှားနိုင်ငံ၌ ဆေးလိပ် သောက်သုံးသူ ၃ ဒသမ၆ သန်းခန့်မှာ လူငယ်များဖြစ်ကြပြီး အစိုးရက ဆေးလိပ်သောက်သူ အရေအတွက် လျှော့ချရန် ရည်ရွယ်လျက်ရှိကြောင်း ၎င်းက ပြောကြားသည်။ ဆေးလိပ်သောက်သုံးမှု တားမြစ်သည့် ပြင်ဆင်ချက်များအရ ဆေးလိပ် မသောက်ရသည့် နေရာများတွင် အများပြည်သူသုံးရေအိမ်များ၊ အင်တာနက် ကဖီးများ၊ စာကြည့်တိုက်များ၊ ဘာသာရေး ဝတ်ပြုရာနေရာများနှင့် ကျောင်းဘတ်စ်ကားများကို ထည့်သွင်းထားသည်။

## ပြစ်ဒဏ်ပေးမည်

ထိုနေရာများတွင် ဖမ်းဆီးမိသော ဆေးလိပ်သောက်သူများအား ရင်းဂျစ် ၁၀၀၀၀ ထက်မပိုသောဒဏ်ငွေ တပ်ရိုက်မည် သို့မဟုတ် ထောင်နှစ်နှစ်ထက် မပိုသော ပြစ်ဒဏ်ပေးမည် ဖြစ်သည်။

## ထောင်ဒဏ်ချမှတ်မည်

ထို့ပြင် တိုက်တာ အဆောက်အအုံပိုင်ရှင်များသည် တားမြစ်ဒေသများ၌ ဆေးလိပ် မသောက်ရဆိုင်းဘုတ်များကို စိုက်ထူထားခြင်းမရှိလျှင် ရင်းဂျစ် ၃၀၀၀ ထက်မပိုသော ဒဏ်ငွေ သို့မဟုတ် ခြောက်လထက်မပိုသော ထောင်ဒဏ် ချမှတ်ခြင်းခံရမည်ဟု မစ္စတာချူဟွာက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**



**စင်ကာပူနိုင်ငံ၌ တုပ်ကွေးရောဂါပျံ့နှံ့မှုကိုကာကွယ်ရန်အတွက် တုပ်ကွေးရောဂါ သယ်ဆောင်သည့် ပိုးလောက်လမ်းများကို သုတေသနပြုလေ့လာ စမ်းသပ်နေစဉ်။**
(ဓာတ်ပုံ-အင်တာနက်)



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်ပတ်လည် အမျိုးသားနေ့ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး **Mr.Li Jinjun** က ကြိုဆိုနှုတ်ဆက်စဉ်။ (သတင်းစဉ်)

# ကယားပြည်နယ်ဒေသထွက်ကုန်များ ပြည်နယ်အတွင်းဖူလုံပိုလျှံအောင်ထုတ်လုပ် စပါးနှင့်အခြားသီးနှံများပိုမိုအထွက်တိုးစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ရန်ကုန် စက်တင်ဘာ ၃၀

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် စက်တင်ဘာ ၂၇ ရက် နံနက် ၉နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ရှိ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတို့မှ တာဝန်ရှိသူများ၊ စည်ပင်သာယာရေးအဖွဲ့ဝင်များအားတွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်မှုများကို ဆွေးနွေးသည်။**

ထိုသို့တွေ့ဆုံ ဆွေးနွေးရာတွင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးခင်မောင်လတ်က မြေရိုင်းများ ဖော်ထုတ်၍ မိုးစပါးဧကတစ်သိန်းပြည့်မီအောင် စိုက်ပျိုးနိုင်ရေးဆောင်ရွက်နိုင်မှု၊ ပြည်နယ် အတွင်းရှိမြို့နယ်များအလိုက် မိုးစပါး၊ နှံစားသီးနှံ၊ ပဲမျိုးစုံ၊ ဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှု၊ ဆောင်းသီးနှံ တိုးချဲ့စိုက်ပျိုးရေးကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးဇော်ဝင်းက အရှည်၁၃၁ မိုင်ရှိ ဟိုပုံး-လွိုင်ကော်-ဒီမောဆို-ယာဒို-လိပ်သို-တောင်ငူလမ်းကို သတ်မှတ်ကာလအတွင်း လုပ်ငန်းများ ပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်နေမှုနှင့် စက်ယာဉ်၊ ယန္တရား လိုအပ်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ် စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးတင်အောင်က ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေး၊ မြို့ပြနှင့် ကျေးလက်ရေပေးရေး လုပ်ငန်းနှင့် လမ်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ တန်ဖိုးနည်းကျေးလက်အိမ်ရာ ဆောက်လုပ်ပေးမှုနှင့် မြို့သာယာလှပရေး ဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေးက အမှာစကား ပြောကြားရာတွင် စိုက်ပျိုးရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်နယ်အတွင်း မြေလွတ်မြေရိုင်းများကို တိုးချဲ့ဖော်ထုတ်၍ မိုးစပါးစိုက်ဧက တစ်သိန်း ပြည့်မီရေးအတွက် စိုက်ပျိုးရေးတာဝန်ခံများ၊ စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များက ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ကြရန်လိုကြောင်း၊ မျိုးကောင်းမျိုးသန့် သီးနှံများကို အဓိကထား စိုက်ပျိုး၍ ဒေသ၏ ထွက်ကုန်သီးနှံများကို ပြည်နယ်အတွင်း ဖူလုံပိုလျှံပြီး အခြားပြည်နယ်နှင့် တိုင်းများသို့ပါ ပို့ဆောင်နိုင်ရေး တိုးချဲ့ထုတ်လုပ် ဆောင်ရွက်ရန်လိုကြောင်း၊ မိုးဗြဲဆည် လက်တံမြောင်းများမှ ရရှိသောရေကို အသုံးပြု၍ ဆောင်းနှင့်နွေသီးနှံများကို ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးနိုင်ရေး၊ ဒေသခံတောင်သူများအား လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်ရေးအတွက် စက်ယန္တရားများကို အကျိုးရှိရှိ အသုံးပြုလာနိုင်ရန် သရုပ်ပြသ ဆောင်ရွက်ရေးနှင့် စပါးနှင့် အခြားသီးနှံများ ပိုမိုအထွက်တိုးစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

လမ်း၊ တံတားတည်ဆောက်ရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ လွိုင်ကော်-ယာဒို-လိပ်သို-တောင်ငူလမ်းကို ကုန်တင်ယာဉ်ကြီးမှအစ ရာသီမရွေး လုံခြုံချောမွေ့စွာ သွားလာနိုင်ရေးအတွက် သတ်မှတ်ရက်အတွင်း ပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

စည်ပင်သာယာရေး လုပ်ငန်းများနှင့် ပတ်သက်၍ မြို့ပြနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း ရှင်းလင်းမှာကြားကာလုပ်ငန်း လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မဲခေါင်ဒေသ ချစ်ကြည်ရေးအားကစားပြိုင်ပွဲ မြန်မာအဖွဲ့ ရွှေ၊ ငွေတံဆိပ်များ ဆွတ်ခူးရရှိ

ရန်ကုန် စက်တင်ဘာ ၃၀

**၂၀၀၆ ခုနှစ် စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ထိုင်းနိုင်ငံ မူဒါဟန်ပြည်နယ် မူဒါဟန်မြို့၌ ကျင်းပခဲ့သည့် တတိယအကြိမ် မဲခေါင်ဒေသနိုင်ငံများ ချစ်ကြည်ရေးအားကစားပြိုင်ပွဲသို့ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးမြင့် အဖွဲ့ခေါင်းဆောင်အဖြစ် လိုက်ပါလျက် အသက်၁၇နှစ်အောက် လူငယ်ဘောလုံး၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်းနှင့် ကယက်လေ့လော့အားကစားနည်းများမှ အားကစားသမားများ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည်။**

**အဆိုပါပြိုင်ပွဲသို့ မဲခေါင်ဒေသ နိုင်ငံများဖြစ်သည့် တရုတ်၊ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ အားကစားအဖွဲ့ဝင် ၂၀၂ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။**

**အဆိုပါပြိုင်ပွဲတွင် အသက် ၁၇ နှစ်အောက် မြန်မာလူငယ်ဘောလုံးအသင်းက ဒုတိယ ငွေတံဆိပ်ကိုလည်းကောင်း၊ ငါးကီလိုမီတာ မြို့ဖြတ်ပြေးတွင် အောင်သီဟနှင့် ဖြူဝါသက်တို့က ပထမရွှေတံဆိပ် တစ်ခုစီကိုလည်းကောင်း၊ ပိုက်ကျော်ခြင်း (အမျိုးသမီး)အဖွဲ့ငယ်ပြိုင်ပွဲတွင် မြန်မာအသင်းက ပူးတွဲပထမရွှေတံဆိပ်ကို လည်းကောင်း၊ ပိုက်ကျော်ခြင်း (အမျိုးသား) အဖွဲ့ငယ်ပြိုင်ပွဲတွင် မြန်မာအသင်းက ဒုတိယငွေတံဆိပ်ကိုလည်းကောင်း၊ ကယက် (လှေလှော်)ပြိုင်ပွဲ မီတာ ၂၀၀ အမျိုးသားတစ်ယောက်လှော်ပြိုင်ပွဲတွင် ရန်ပိုင်က ပထမရွှေတံဆိပ်ကို လည်းကောင်း၊ နှစ်ယောက်လှော်ပြိုင်ပွဲတွင် သန့်စင်နှင့် အောင်လွင်စိုးတို့က ပထမရွှေတံဆိပ်ကို လည်းကောင်း၊ မီတာ ၂၀၀ အမျိုးသမီး တစ်ယောက်လှော်ပြိုင်ပွဲတွင် နော်အားလယ်ရှီးက ပထမရွှေတံဆိပ်ကိုလည်းကောင်း၊ နှစ်ယောက်လှော်ပြိုင်ပွဲတွင် မြင့်မြင့်သန်းနှင့် သင်းသင်းကြူအတွဲက ပထမရွှေတံဆိပ်ကို လည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)

# ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းနှင့်တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် ငပုတောမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၃၀**

ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းနှင့် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တို့သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် စက်တင်ဘာ ၂၇ ရက်မွန်းလွဲပိုင်းတွင် ဟိုင်းကြီးကျွန်းမြို့ အဏ္ဏဝါဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ခမောက်မော်ချောင်းတစ်လျှောက် ဒေသခံပြည်သူများ၏ ငါးဖမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဒီရေရောက်တောများ အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြသည်။

**ဖြစ်ထွန်းအောင်မြင်**

ထိုမှတစ်ဆင့် ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်းနှင့် တိုင်းမှူးတို့သည် ဇီးချိုင်-ကံချိုင်-ခမောက်မော်ကျေးရွာချင်းဆက် လမ်းအတိုင်း မော်တော်ယာဉ်များဖြင့် လမ်းတစ်လျှောက်ဖြစ်ထွန်းအောင်မြင်နေသော စပါးခင်းများကို ကြည့်ရှုစစ်ဆေးသည်။

**ဆွေးနွေးမှာကြား**

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်(ရေ)၊ တိုင်းမှူးနှင့်အဖွဲ့သည် ကျောက်ချောင်းကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ငပုတောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ကျေးရွာအုပ်စု ဥက္ကဋ္ဌများ၊ ရပ်မိရပ်ဖများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများကို တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်ကြရေး ဆွေးနွေးမှာကြားသည်။

ယင်းနောက် ကာကွယ်ရေး ဦးစီးချုပ် (ရေ) ဗိုလ်ချုပ်စိုးသိန်းနှင့် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တို့သည် ကျောက်ချောင်းကျေးရွာ ဆိပ်ကမ်းမှ ရေယာဉ်ဖြင့် ထွက်ခွာ၍ ရေလမ်းတစ်လျှောက် ဒီရေရောက်တောများ အခြေအနေ၊ မိုးစပါးစိုက်ခင်းများ ရှင်သန်ဖြစ်ထွန်းမှု အခြေအနေနှင့်ကျေးရွာစဉ်တစ်လျှောက် ပင်လယ် ငါးဖမ်းရေယာဉ်များ ဝင်/ထွက်သွားလာမှု၊ ရပ်နားဆောင်ရွက်နေမှု၊ ဟိုင်းကြီးကျွန်းမြို့အဝင် ရာသီမရွေး ရေယာဉ်များ ချောင်းအတွင်းမှ ဖြတ်သန်းသွားလာနိုင်ရန် ဆောင်ရွက်ထားသော ကျောက်စီကွန်ကရစ်ရေတားတမံ အခြေအနေ၊ ဟိုင်းကြီးကျွန်းမြို့ ကမ်းနားလမ်းနှင့် မြို့ဝင်ချောင်းကမ်းပါးတစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကြသည်။

ဟိုင်းကြီးကျွန်းမြို့ မြစ်ကမ်းသာယာလှပရေးနှင့် ဝေနမြစ်ဝမှ ဟိုင်းကြီးချောင်းအဝင် နှစ်စဉ်သောင်ထွန်းမှုမှ ကာကွယ်ရေးနှင့် ရေလမ်းဖွံ့ဖြိုးမှုတို့အတွက် နိုင်ငံတော်က ငွေကျပ်သန်း ၄၀၀ ခန့် အကုန်အကျခံကာ ကျောက်စီတမံကို ၁၉၉၇ ခုနှစ်မှ စတင်ဆောင်ရွက်ပေးသဖြင့် ဟိုင်းကြီးကျွန်းမြို့နှင့် ပတ်ဝန်းကျင် ရေလမ်းကြောင်းတစ်လျှောက် ကျေးရွာများ ရေတက်ရေကျ မစောင့်ရဘဲ ချောင်းအတွင်း ရာသီမရွေး အလွယ်တကူ ဝင်/ထွက် သွားလာနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


# လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

- ❋ သဘာဝအလင်းရောင်ကိုသာ အဓိကထားသုံးစွဲပါ။
- ❋ သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။
- ❋ ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကိုသာ သုံးစွဲပါ။
- ❋ ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင်ပါသည်။

**ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အားသုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲသူတိုင်းက ၄ပေမီးချောင်း တစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် မဂ္ဂါဝပ်၂၀ ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့်ညီမျှသည်။**


# ဘွဲ့တံဆိပ်ရဆရာတော် ဂုဏ်ပြုပူဇော်မည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ရခိုင်ပြည်နယ် ဓမ္မာရုံထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ (၅၆)ကြိမ်မြောက် တိပိဋကရေစာမေးပွဲကြီးတွင် တိပိဋကရေ တိပိဋကကောဝိဒ ဘွဲ့တံဆိပ်တော်ရ ရမ္မာဝတီဆရာတော် ဘဒ္ဒန္တ ကုန္ဒပါလ သာသနာ့အာဇာနည် အရှင်သူမြတ်အား ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို အောက်တိုဘာ ၃၁ရက် နံနက် ၉ နာရီတွင် ရခိုင်ပြည်နယ်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

ပါဝင်လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ သီရိသုဓမ္မဇာဗောတရေ ဦးကျော်မင်း ဖုန်း-၀၉၈၀-၃၄၉၆၃၊ ဒုဥက္ကဋ္ဌ သီရိသုဓမ္မဇာဗောတရေ ဦးသန်းနိုင် ဖုန်း-၀၉၉၉-၂၄၃၆၃၊ အတွင်းရေးမှူး ဦးသာအေး ဖုန်း-၀၉၈၀-၂၃၃၈၆၊ တွဲဖက်အတွင်းရေးမှူး ဦးဇော်အေးမောင် ဖုန်း-၀၉၉၉-၂၂၀၅၇၊ ဘဏ္ဍာရေးမှူး ဦးစောသိန်း ဖုန်း-၀၉၅၀၀-၁၃၀၁ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က-ပ)**

# နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို မဆန့်ကျင်သင့်

**အောင်မိုးခံ**

**အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနဲ့ အသေးစိတ် အခြေခံရမည့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲမယ်။ ဖြစ်ပေါ်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ လွှတ်တော်ကိုယ်စားလှယ် များနဲ့ လွှတ်တော်အစည်းအဝေးများ ကျင်းပမယ်။ လွှတ်တော်က ရွေးကောက်တင်မြှောက်တဲ့ နိုင်ငံတော်အကြီးအကဲများနဲ့ လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နဲ့ အာဏာပိုင်အဖွဲ့ အစည်းများနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်မယ်။**

လောကတွင် အကျိုးအကြောင်း ဆက်စပ်မှန်ကန်တဲ့တရားတွေကို ဘယ်သူပြောပြော ပုဂ္ဂိုလ်စွဲမထားဘဲ လက်ခံနိုင်မှသာ အစွဲအလမ်းကင်းစွာနဲ့ အမှန်တရားတွေ ပေါ်ထွန်းလာမယ် ဖြစ်ပါတယ်။

**“ဘယ်လို အမှန်တရားဖြစ်ဖြစ် အမှန်တရားမှန်သမျှဟာ တန်ဖိုးရှိတယ်။ လောကကြီးမှာ အမှားတစ်ခုကို အမှားလို့သိပြီး အသိမှန်၊ အမြင်မှန်ရကာ ပြောင်းလဲသွားတာဟာ လူသားတစ်ရပ်လုံးရဲ့ တိုးတက်မှုပဲ။ ဘယ်လိုပဲဖြစ်ဖြစ် မဖြစ်နိုင်တာကို ဖြစ်နိုင်တယ်၊ မဟုတ်တာကို ဟုတ်တယ်လို့ထင်ပြီး အမှားကို အမှန်လို့ ယုံကြည်နေတာဟာ လူ့အဖွဲ့အစည်းတစ်ခုလုံးအတွက် ထိခိုက်နစ်နာစေတယ်။ အမှန်တရားကိုရှာဖွေရင် အဘိဓမ္မာခန်းမှာ မရှာဖွေရ။ ပကတိဘဝမှာသာ ရှာဖွေရမယ်လို့ လူမှုသိပ္ပံပညာရှင်များက ဆိုပါတယ်။**

Pride goes before a fall: မာနဟာကျဆုံးမှုရဲ့ ရှေ့တော်ပြေးဖြစ်တယ်ဆိုတဲ့ စကားပုံတစ်ခုရှိပါတယ်။ ဒါကြောင့် အမှန်တရားကို ရှာဖွေရင် အတ္တစွဲကင်းစွာ၊ မာန်မာနကင်းစွာ ရိုးရိုးသားသားရှာဖွေရမယ်လို့ အဓိပ္ပာယ်ရပါတယ်။ အစွဲအလမ်းရှိသူနဲ့စာရင် အရိုးခံသက်သက် သာမန်ပြည်သူတွေက အမှန်တရားနဲ့ ပိုလို့နီးစပ်ပါသေးတယ်ဆိုတဲ့ ပညာရှင်များရဲ့ သွန်သင်ချက်လဲ ရှိပါတယ်။

ဒီကနေ့ မြန်မာနိုင်ငံတွင် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ပေါ်လာရေးအတွက် ချမှတ်အကောင်အထည်ဖော်နေသော မူဝါဒလမ်းစဉ်(၇)ရပ်ကို ဆန့်ကျင်နေတဲ့ ပြည်တွင်းပြည်ပအင်အားစုအချို့ ရှိနေပါတယ်။ အခုလို ဆန့်ကျင်နေမှုဟာ ကောင်းကျိုးလား၊ ဆိုးကျိုးလား၊ အပြုပိုင်းလား၊ အဖျက်ပိုင်းလားဆိုတာကို မြန်မာ့လူ့အဖွဲ့အစည်းရဲ့ ပကတိဘဝမှာ အဖြေရှာရမယ် ဖြစ်ပါတယ်။ ဒါ့အပြင် ဒီဆန့်ကျင်မှုတွေဟာ ဆန့်ကျင်တဲ့အင်အားစုတွေအဖို့ ဘယ်လိုအကျိုးရှိပါသလဲ။ မိမိတို့အတွက်လဲ အကျိုးမရှိ၊ အများပြည်သူအတွက်လဲ အကျိုးမရှိဘူးဆိုရင်တော့ ဒီဆန့်ကျင်မှုတွေကို ဆင်ခြင်သင့်ပါတယ်။ ပြင်သင့်ပါတယ်။

**ဒီကနေ့ နိုင်ငံတော်က ဒီမိုကရေစီနိုင်ငံတော်ကို အကောင်အထည်ဖော်နေတဲ့ မူဝါဒလမ်းစဉ် (၇)ရပ်ဟာ တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ ဆောင်ရွက်သွားရမယ့် အမျိုးသားပြန်လည်သင့်မြတ် စည်းလုံးရေးလမ်းစဉ် ဖြစ်ပါတယ်။ ဒါပေမယ့် အစိုးရဆန့်ကျင်ရေး ပြည်တွင်းပြည်ပ အင်အားစုတွေဟာ တစ်ချိန်က ဒီမူဝါဒလမ်းစဉ်(၇)ရပ်ကို ဘယ်တော့ စတင်အကောင်အထည်ဖော်မယ် ဆိုတဲ့ အချိန်ဇယားမပါဘူး၊ အချိန်ဆွဲဖို့ လှည့်စားမှုတစ်ရပ်သာဖြစ်တယ်လို့ ဝေဖန်တိုက်ခိုက်ခဲ့ကြတယ်။ ဒီအဆိုးမြင် ဆန့်ကျင်မှုတွေဟာ ဒီကနေ့ လက်တွေ့ဘဝနဲ့ တက်တက်စင်အောင် လွဲခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ ပြောသလို မဟုတ်ဘဲ နိုင်ငံတော်က မူဝါဒလမ်းစဉ်(၇)ရပ်ရဲ့ ပထမအခြေခံအဆင့် ဖြစ်တဲ့ အမျိုးသားညီလာခံကြီး ပြန်လည်ကျင်းပပြီး အပိုင်းတစ်ပိုင်းကို အောင်မြင်စွာ ပြီးစီးသွားခဲ့ပြီ ဖြစ်ပါတယ်။ ဆက်လက်ပြီးလဲ မနားမနေ အကောင်အထည်ဖော်နေဆဲ ဖြစ်ပါတယ်။**

တည်ဆဲတပ်မတော်အစိုးရဟာ စတင်ပေါ်ပေါက်လာစဉ်ကစလို့ ဦးတည်ချက်(၁၂)ရပ် ချမှတ်ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်ကို အပြောသက်သက်မဟုတ် အလုပ်နဲ့လက်တွေ့ အကောင်အထည်ဖော်လာခဲ့တယ်ဆိုတာကို ဒီကနေ့ ဖြစ်ပေါ်တိုးတက်မှုများက သက်သေပြနေပါတယ်။

ဒါကြောင့် အခုလိုမူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ပြီး ဒီမိုကရေစီ နိုင်ငံတော်ကို အကောင်အထည်ဖော်နေတဲ့ကာလမှာ ပြည်တွင်းပြည်ပက ဒီမိုကရေစီလိုလားပါတယ်ဆိုတဲ့ အင်အားစုတွေအနေနဲ့ ပါဝင်ပူးပေါင်း ဆောင်ရွက်သွားရမယ့်အစား ဘာကြောင့် ဆက်လက်ဆန့်ကျင်နေပါသလဲ။ ဘယ်သူ့အကျိုးအတွက်လဲ။

**(၁) လက်ရှိ ဒီမိုကရေစီနိုင်ငံ ထူထောင်နေတဲ့ မူဝါဒလမ်းစဉ်(၇)ရပ်ဟာ အနောက်ဥရောပ ဒီမိုကရေစီကို ချက်ချင်းပုံတူမကူးတဲ့ အတွက်လား။**

အမှန်က ဒီမိုကရေစီကို ပြည်ပက တင်ပို့လို့မရနိုင်ပါ။ ပြည်တွင်းက လူမှုဘဝပေါ်မှာသာ တည်မှီထွန်းကားလာတာ ဖြစ်ပါတယ်။ အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေရဲ့ ပြည်ပက နှစ်နှစ်တိုင် တင်ပို့လာတဲ့ ဒီမိုကရေစီဟာ အာဖဂန်နစ္စတန်နဲ့ အီရတ်နိုင်ငံတွေမှာ ဘာကြောင့် မထွန်းကားလာသလဲ။ လူမှုအနိဋ္ဌာရုံတွေသာ ပိုမိုဆိုးရွားလာနေပါတယ်။ လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီရေး အကြောင်းပြပြီး အမေရိကန်နဲ့ အနောက်အုပ်စု အပေါင်းပါတွေ ကိုယ်တိုင်ကိုယ်ကျ ကျူးကျော်သိမ်းပိုက်ခဲ့တဲ့ ဒီနိုင်ငံတွေမှာ ချက်ချင်း ဒီမိုကရေစီ ထွန်းကားအောင် မလုပ်နိုင်တဲ့အချက်က အခိုင်အမာ သက်သေပြနေပါတယ်။ မိမိတို့ လူမှုဘဝနဲ့ ကိုက်ညီမှန်ကန်စွာ ပြောင်းလဲနေတဲ့ တရုတ်ပြည်ကြီး ဘယ်အထိတည်ငြိမ်စွာ အံ့ဩဖွယ် တိုးတက်နေတယ်ဆိုတာ မျက်မြင်ဒိဋ္ဌပင် ဖြစ်ပါတယ်။ ဒါကြောင့် ဒီမိုကရေစီဟာ ပြည်တွင်းလူမှုဘဝနဲ့သာ ဆိုင်ပါတယ်။

**(၂) အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ရေးကို ဆန့်ကျင်ပါသလား။**

မစေ့စပ်ရေးအင်အားစုများအဖို့ တပ်မတော်အစိုးရနဲ့ ပူးပေါင်းနိုင်မှသာ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို တည်ဆောက်နိုင်မယ်။ တပ်မတော်အစိုးရနဲ့ မပူးပေါင်းဘဲ ဘယ်လိုမှ ဒီမိုကရေစီနိုင်ငံ မထူထောင်နိုင်ဆိုတာကို ၁၅နှစ်ကျော် အတွေ့အကြုံက သက်သေပြခဲ့ပြီး ဖြစ်ပါတယ်။ တပ်မတော်ဟာ မြန်မာ့သမိုင်းတွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ထာဝစဉ်အသက်ပေး ကာကွယ်ထမ်းဆောင်လာတဲ့ တစ်ခုတည်းသော အမျိုးသားတပ်မတော် ဖြစ်ပါတယ်။ နိုင်ငံတော် အကျပ်အတည်းကြုံတိုင်း ပြည်သူ့ဘက်က အမြဲတမ်း ရပ်တည်လာတဲ့ တပ်မတော် ဖြစ်ပါတယ်။ ၁၉၈၈ခုနှစ် အရေးအခင်းကြီးကိုလဲ တပ်မတော်က ဝင်ရောက် မထိန်းသိမ်းနိုင်ရင် မတွေးဝံ့လောက်အောင် အခြေအနေဆိုးတွေ ကြုံလာနိုင်ပါတယ်။ ၁၉၈၈ခုနှစ် အရေးအခင်းမှာ ဘယ်ပါတီအဖွဲ့အစည်း၊ ဘယ်နိုင်ငံရေး အင်အားစုကမျှ ဝင်ရောက်ဖြေရှင်း နိုင်ခြင်းမရှိဘဲ တပ်မတော်ကသာ ပြည်ထောင်စုမပြိုကွဲအောင် ဝင်ရောက်တာဝန်ယူရတာ ဖြစ်ပါတယ်။ ဒီကနေ့လို နိုင်ငံတော် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်လာမှုဟာ တပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြောင့် ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်မီဖွံ့ဖြိုး တိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဆင့်ကို မရောက်မချင်း အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်ကို ဖယ်ရှားဖို့ ကြိုးပမ်းမှုတွေဟာ နိုင်ငံတော်အတွက် အလွန်အန္တရာယ်ကြီးမားတဲ့ အနောက်ဒီမိုကရေစီကို ချက်ချင်း ပုံတူကူးလိုမှုသာ ဖြစ်ပါတယ်။ အထူးသဖြင့် ပြည်သူလူထုတွေကိုယ်တိုင် ဒီမိုကရေစီကို ထိန်းသိမ်းကျင့်သုံးနိုင်တဲ့ကာလကို ရောက်တဲ့အဆင့်အထိ တပ်မတော် ကိုယ်စားလှယ်နှင့် ပြည်သူ့ကိုယ်စားလှယ်များ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်သွားဖို့ ဖြစ်ပါတယ်။

**(၃) ၁၉၉၃ခုနှစ်မှ စတင်ကျင်းပလာခဲ့တဲ့ အမျိုးသားညီလာခံကြီးက အတည်ပြုချမှတ်ခဲ့တဲ့ အခြေခံမူကြီး (၁၀၄)ချက်ကို ဆန့်ကျင်ပါသလား။**

ဒီအခြေခံမူကြီး (၁၀၄)ချက်ဟာ တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားညီလာခံကြီးရဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ တစ်ဖွဲ့၊ တစ်ပါတီအတွက် မဟုတ် တစ်မျိုးသားလုံးကို ကိုယ်စားပြုတဲ့ ကမ္ပည်းမော်ကွန်းလဲ ဖြစ်ပါတယ်။ အဆိုပါနိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အခြေခံမူကြီး(၁၀၄)ချက်ကို (၁) ပြည်ထောင်စုမပြိုကွဲရေး၊ (၂) တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ (၃)အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ (၄) စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ထွန်းကားရေး၊ (၅) နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ (၆) အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုကဏ္ဍတွင် တပ်မတော် ပါဝင်ထမ်းဆောင်နိုင်ရေးဆိုတဲ့ ဦးတည်ချက် (၆)ရပ်နဲ့ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံကြီးမှာ (၁) နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ (၂) ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ (၃)တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ (၄) တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ (၅) အလုပ်သမား ကိုယ်စားလှယ်များ၊ (၆) အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ (၇) နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ (၈) အခြားဖိတ်ကြားသင့်တဲ့ ပုဂ္ဂိုလ်များက တစ်မျိုးသားလုံးကိုယ်စား ဆုံးဖြတ်ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီလိုတစ်မျိုးသားလုံးကို ကိုယ်စားပြုပြီး အမျိုးသားညီလာခံကြီးက ချမှတ်ခဲ့တဲ့ မူကြီး(၁၀၄)ချက်ကို ဒီကနေ့ ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံကြီးက ဆက်ခံကျင်းပလာတာ ဖြစ်ပါတယ်။ အခုလို နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာမူကြီး (၁၀၄)ချက်ကို အတည်ပြုဆုံးဖြတ်ခဲ့စဉ်က ဒီကနေ့ ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံသို့ (ဖိတ်ကြားခဲ့ပေမယ့်) မတက်ရောက်ဘဲ ဆန့်ကျင်နေတဲ့ ပါတီအချို့ အပါအဝင် လက်ရှိတရားဝင် ပါတီအားလုံးလဲ သဘောတူပါဝင်ဆုံးဖြတ်ခဲ့ကြတာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီအပေါ်မှာလဲ ကျေနပ်သင့်ပါတယ်။

**(၄) အမျိုးသားညီလာခံကြီးကို နိုင်ငံရေးပါတီအဖွဲ့အစည်းများနဲ့ မညှိနှိုင်းဘဲ တပ်မတော်အစိုးရက တစ်ဖက်သတ်ကျင်းပတယ်ဆိုတဲ့ အမြင်နဲ့ ဆန့်ကျင်ပါသလား။**

အမှန်က အမျိုးသားညီလာခံကြီးကျင်းပရေးအတွက် ၁၉၉၂ ခုနှစ်တွင် တရားဝင်နိုင်ငံရေး ပါတီများ၊ ရွေးကောက်ပွဲတွင် အရွေးချယ်ခံထားရသော ကိုယ်စားလှယ်များနှင့် နိုင်ငံတော်က တာဝန်ပေးအပ်သူများ ကြိုတင်ဆွေးနွေးညှိနှိုင်းကျင်းပခဲ့ပါတယ်။ ၂၄-၄-၉၂ရက်နေ့ နိုင်ငံတော်က ကြေညာချက်အမှတ် ၁၁/၉၂ကို ထုတ်ပြန်ပြီး အမျိုးသားညီလာခံ ခေါ်ယူရေးလုပ်ငန်းကိုစတင်ခဲ့ပါတယ်။

၂၈-၅-၉၂ ရက်နေ့တွင် နိုင်ငံတော်က အမိန့်အမှတ် ၉/၉၂နဲ့ ၁၉၉၂ ခုနှစ် ဇွန်လ ၂၃ရက် နံနက် ၈နာရီအချိန်တွင် အလုံလမ်း၊ သမ္မတအိမ်တော်ဝင်း အစည်းအဝေးခန်းမမှာ အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ခေါ်ယူကြေညာခဲ့တယ်။ ဒီညှိနှိုင်းဆွေးနွေးပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ် ၁၅ဦး၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ ခြောက်ဦး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ သုံးဦး၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှတစ်ဦး၊ မြို(ခေါ်)ခမီအမျိုးသားညီညွတ်ရေးအဖွဲ့မှတစ်ဦး၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီမှတစ်ဦး၊ လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေး ပါတီမှတစ်ဦးတို့ ပါဝင်တက်ရောက်ခဲ့ကြတယ်။

၂၈-၅-၉၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅/၉၂ ဖြင့် အမျိုးသားညီလာခံကျင်းပရေးညှိနှိုင်းဆွေးနွေးပွဲကို ဦးဆောင်ကျင်းပရေးကော်မတီတစ်ရပ် ဖွဲ့စည်းပေးခဲ့တယ်။ ဒီကော်မတီနဲ့ ဖိတ်ကြားထားတဲ့ နိုင်ငံရေးပါတီမှ ကိုယ်စားလှယ်များဟာ ၂၃-၆-၉၂ရက်မှစတင်ပြီး အမျိုးသားညီလာခံကျင်းပရေးကို ညှိနှိုင်းခဲ့ပါတယ်။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ် ၂၉ဦးနဲ့ ဆွေးနွေးညှိနှိုင်းရေး ဦးဆောင်ကော်မတီဝင် ၁၅ဦး စုစုပေါင်း ၄၄ဦး တက်ရောက်ခဲ့ပါတယ်။ ၃၀-၆-၉၂ ရက်နဲ့ ၁၀-၇-၉၂ ရက်တို့တွင် ဆက်လက် ညှိနှိုင်းဆွေးနွေးခဲ့တယ်။ ဆွေးနွေးပွဲ အောင်မြင်ပြီးဆုံးတဲ့ ၁၀-၇-၉၂ရက်နေ့တွင် ကော်မတီဥက္ကဋ္ဌက ဆွေးနွေးပွဲ ကိုယ်စားလှယ်အားလုံးကို ညစာစားပွဲဖြင့် ဂုဏ်ပြုဧည့်ခံခဲ့တယ်။ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် ကိုယ်စားလှယ်များကို တွေ့ဆုံနှုတ်ဆက်အားပေးခဲ့တယ်လို့ သိရပါတယ်။ ဒီဆွေးနွေးပွဲရဲ့ ရလဒ်အဖြစ် ကိုယ်စားလှယ်အစုအဖွဲ့ ရှစ်ဖွဲ့နဲ့ ကိုယ်စားလှယ်ရွေးချယ်ပုံ နည်းလမ်းများ၊ ညီလာခံဦးတည်ချက်များကို သတ်မှတ်ခဲ့ပါတယ်။ ဒါကြောင့် အမျိုးသားညီလာခံကို တပ်မတော်အစိုးရရဲ့ ဆန္ဒတစ်ခုတည်းနဲ့ ကျင်းပခဲ့တာမဟုတ်။ နိုင်ငံရေးပါတီအဖွဲ့အစည်းများ၊ အရွေးချယ်ခံ ကိုယ်စားလှယ်များနဲ့ အကြိမ်ကြိမ် ညှိနှိုင်းသဘောတူကျင်းပခဲ့တယ်ဆိုတာ ထင်ရှားပါတယ်။ အခုကျတော့မှ ပါတီအဖွဲ့အစည်းအချို့က တပ်မတော်အစိုးရအပေါ် တစ်ဖက်သတ်ပုံချပြီး ဆန့်ကျင်မယ်ဆိုရင် အမျိုးသားသင့်မြတ်စည်းလုံးရေးနဲ့ ပိုမိုအလှမ်းဝေးကွာသွားနိုင်ပါတယ်။

**(၅) တည်ဆဲ တပ်မတော်အစိုးရက အာဏာလွှဲပြောင်းမပေးလို့ ဆန့်ကျင်ပါသလား။**

၁၉၉၀ပြည့်နှစ် ရွေးကောက်ပွဲဟာ လွှတ်တော်ခေါ်ပြီး အစိုးရဖွဲ့ဖို့ ကျင်းပတဲ့ ရွေးကောက်ပွဲမဟုတ်ပါ။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်လာရေးအတွက် ဥပဒေပြုရေး ရွေးကောက်ပွဲသာ ဖြစ်ပါတယ်။

တစ်ချိန်က မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးခဲ့တဲ့ ဗြိတိသျှတို့ဟာလဲ တိုင်းပြုပြည်ပြု လွှတ်တော်ရွေးကောက်ပွဲပြုလုပ်စေပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ရေးဆွဲပြဋ္ဌာန်းပြီးမှသာ လွတ်လပ်ရေးပေးခဲ့တာ တွေ့ရပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေမဲ့ လွတ်လပ်ရေးမပေးသင့်ဆိုတဲ့ အမြင်ကြောင့် ဖြစ်ပါတယ်။ နယ်ချဲ့သမားတို့သည်ပင် အဲဒီလို စည်းစနစ်မျိုး ရှိခဲ့ဖူးပါတယ်။

ဒီကနေ့ တပ်မတော်အစိုးရဟာလဲ လိုအပ်နေတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်လာရေးအတွက် ၁၉၉၀ပြည့်နှစ်တွင် ဥပဒေပြုရေး ရွေးကောက်ပွဲကို ကျင်းပပေးခဲ့ပါတယ်။ ဒီရွေးကောက်ပွဲမှာ အများစုအရွေးချယ်ခံရတဲ့ ပါတီအဖွဲ့အစည်းများဟာ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေး၊ အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးနဲ့ ဒီမိုကရေစီရေးကို ကြိုးပမ်းရမယ့်အစား ချက်ချင်း လွှတ်တော်ခေါ်ပြီး အာဏာလွှဲရေးကိုသာ တောင်းဆိုခဲ့ပါတယ်။ ဒါကြောင့်နောက်ဆုံးမှာ အများစု အရွေးချယ်ခံပါတီများ၊ အများစု အရွေးချယ်ခံ တိုင်းရင်းသားပါတီများနဲ့ ညှိနှိုင်းပြီး နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲရေးအတွက် အမျိုးသားညီလာခံကြီးကို ခေါ်ယူကျင်းပခဲ့ရပါတယ်။ နိုင်ငံတော်ရဲ့ နိုင်ငံရေးဦးတည်ချက် (၄)ရပ်တွင် ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံ ဥပဒေပေါ်ပေါက်လာရေးကို ဦးတည်ကြိုးပမ်းလာခဲ့လို့ ဖြစ်ပါတယ်။

ဒါပေမယ့် အမျိုးသားညီလာခံက NLDပါတီနုတ်ထွက်သွားတဲ့အတွက် ယာယီအားဖြင့် ရပ်ဆိုင်းပြီး ဒီကနေ့ နိုင်ငံတော်ရှေ့ဆက်သွားရမယ့် မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ကြပါတယ်။

ဒီကနေ့မှာတော့ **အမျိုးသားညီလာခံကြီးက ချမှတ်ပေးသော အခြေခံရမည့်မူများနဲ့ အသေးစိတ်အခြေခံရမည့်မူများနဲ့အညီ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ရေးဆွဲမယ်။ ဖြစ်ပေါ်လာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပပြီး အတည်ပြုမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ လွှတ်တော်များ ဖွဲ့စည်းရေးအတွက် တရားမျှတသော ရွေးကောက်ပွဲများ ကျင်းပမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နဲ့အညီ လွှတ်တော်ကိုယ်စားလှယ်များနဲ့ လွှတ်တော်အစည်းအဝေးများ ကျင်းပမယ်။ လွှတ်တော်က ရွေးကောက်တင်မြှောက်တဲ့ နိုင်ငံတော်အကြီးအကဲများနဲ့ လွှတ်တော်က ဖွဲ့စည်းပေးသော အစိုးရအဖွဲ့နဲ့ အာဏာပိုင်အဖွဲ့အစည်းများနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်မယ်။** ဒါဟာ မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာရေးအတွက် တက်လှမ်းနေတဲ့ အလုပ်စခန်း ဖြစ်ပါတယ်။ ဒါကြောင့်**“နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို မဆန့်ကျင်သင့်”**ကြောင်း အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

# လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များ နိုင်ငံတော်အစိုးရအားသိက္ခာချရန်ရည်ရွယ်ခြင်းဖြစ်

# အနောက်နိုင်ငံအချို့ မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ်စီးပွားရေးပိတ်ဆို့သော်လည်းစီးပွားရေးဖွံ့ဖြိုးခဲ့

✻ ရှေ့ဖုံးမှ

**သဘာပတိကြီးခင်ဗျား–**

(၅၉)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ သဘာပတိ တာဝန်ကို အဆွေတော်က လက်ခံဆောင်ရွက်နေတာကို ချီးကျူးဂုဏ်ပြုပါကြောင်း ဦးစွာ ပြောကြားလိုပါတယ်။ အဆွေတော်ရဲ့ ပြည့်ဝတဲ့ ဉာဏ်ပညာ၊ ကျွမ်းကျင်တဲ့ သံတမန်အရည်အချင်းများက ကျွန်တော်တို့ရဲ့ ဆွေးနွေးပြောကြားမှုများ အောင်မြင်စေရေးအတွက် ဦးဆောင်သွားနိုင်လိမ့်မယ်လို့ အပြည့်အဝယုံကြည်ပါတယ်။ ပြီးခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံအောင်မြင်အောင် ခေါင်းဆောင်မှု၊ ပံ့ပိုးမှုပေးခဲ့တဲ့ မစ္စတာဂျူလီယံ၊ ဟန့်ကိုလည်း ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ဒါ့အပြင် ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အရေးကိစ္စတွေကို ကိုယ်ကျိုးမဖက်ဘဲ တာဝန်ယူဆောင်ရွက်နေတဲ့ အတွင်းရေးမှူးချုပ်ကိုလည်း ကျွန်တော်တို့ ကိုယ်စားလှယ်အဖွဲ့က ချီးကျူးလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကမ္ဘာကြီးအနေနဲ့ ယခုအခါ ခက်ခဲနက်နဲတဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်နေရပါတယ်။ ယင်းတို့အနက် ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးအပေါ် ခြိမ်းခြောက်မှုများဟာ အထင်ရှားဆုံးနဲ့ အန္တရာယ်အရှိဆုံးဖြစ်ပါတယ်။ ယခု ခြိမ်းခြောက်မှုများနဲ့ ရင်ဆိုင်နေရတဲ့ အခြေအနေမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေး မူကြီး ငါးချက်ကို ပြန်ပြောင်းသတိရသင့်ပါတယ်။ မြန်မာနိုင်ငံဟာ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နဲ့အတူ နိုင်ငံအချင်းချင်းဆက်ဆံရေးမှာ အခြေခံကျတဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးချက်ကို လွန်ခဲ့တဲ့ နှစ် ၅၀ က ချမှတ်ခဲ့ပါတယ်။ ယင်းအခြေခံမူများကို ၁၉၅၅ ခုနှစ်က ကျင်းပခဲ့တဲ့ အာရှ–အာဖရိက ခေါင်းဆောင်များရဲ့ ထိပ်သီးညီလာခံက ထုတ်ပြန်ခဲ့တဲ့ ဘန်ဒေါင်းကြေညာစာတမ်းက အတည်ပြုခဲ့ပါတယ်။ ၁၉၆၁ ခုနှစ် ဘဲလ်ဂရိတ်မြို့မှာ ကျင်းပခဲ့တဲ့ ဘက်မလိုက်လှုပ်ရှားမှု ထိပ်သီးညီလာခံကလည်း ဒီမူကြီးငါးချက်ကို ဘက်မလိုက်လှုပ်ရှားမှုကြီးရဲ့ အခြေခံမူများအဖြစ် အတည်ပြုခဲ့ပါတယ်။ တစ်ဖန် ကုလသမဂ္ဂအဖွဲ့ကြီးကလည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီးများကို သဘောတူ အတည်ပြုခဲ့ပါတယ်။ လူသားအချင်းချင်း စည်းလုံးညီညွတ်မှုဟာ အဓိကဖြစ်တယ်ဆိုတဲ့ ခံယူချက်အပေါ် အခြေခံပြီး ပေါ်ပေါက်ခဲ့တဲ့ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး ငါးချက်ဟာ စတင်ကြေညာတဲ့နေ့မှာ မှန်ကန်နေသလို ယခုတိုင်လည်း ဆီလျော်နေဆဲဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတကာက တရားဝင်အသိအမှတ်ပြုခြင်းခံရပြီး ကမ္ဘာ့နိုင်ငံအားလုံး နီးပါးနဲ့ ဖွဲ့စည်းထားတဲ့ ကုလသမဂ္ဂအဖွဲ့ကြီးဟာ အရေးကြီးတဲ့ ကမ္ဘာ့အရေးအခင်းတွေကို ဖြေရှင်းရာ တစ်ခုတည်းသော နေရာဖြစ်တယ်လို့ မြန်မာနိုင်ငံက ခံယူပါတယ်။ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ ဖြစ်ရပ်များက ကုလသမဂ္ဂခွင့်ပြုချက်မပါဘဲ မိမိတစ်ဦးတည်းဆန္ဒနဲ့ ဆောင်ရွက်ခြင်း၊ အင်အားအသုံးပြုပြီး အဖြေရှာခြင်းတို့ဟာ အန္တရာယ်ကြီးမားပြီး အကျိုးကျေးဇူးမရှိတဲ့ လုပ်ဆောင်ချက်များဖြစ်တယ်လို့ ထောက်ပြလျက်ရှိနေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကုလသမဂ္ဂအဖွဲ့ကြီးဟာ စတင်ပေါ်ပေါက်ချိန်ကတည်းက အဖွဲ့ဝင်နိုင်ငံများရဲ့ အကျိုးစီးပွားကို ကောင်းမွန်စွာ ဖော်ဆောင်ပေးခဲ့တာကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် အဖွဲ့ကြီးအနေနဲ့ အချိန်နဲ့တစ်ပြေးညီပြောင်းလဲရန် လိုအပ်နေပါတယ်။ လက်ရှိဖြစ်ပေါ်နေတဲ့ အပြည်ပြည်ဆိုင်ရာ စနစ်အပေါ် ခြိမ်း ခြောက်မှုများ၊ လျင်မြန်စွာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ နိုင်ငံတကာအခြေအနေများက ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ လုပ်ကိုင်ဆောင်ရွက်ပုံနဲ့ ဖွဲ့စည်းပုံများကို အထူးအလေးထား ပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီဆိုတာကို ဖော်ညွှန်းပြသနေပါတယ်။

ဒီကိစ္စနှင့်စပ်လျဉ်းပြီး လုံခြုံရေးကောင်စီ ပြုပြင်ပြောင်းလဲရေးအပါအဝင် ကုလသမဂ္ဂအဖွဲ့ရဲ့ ပြုပြင်ပြောင်းလဲရေး ကိစ္စရပ်များအပေါ် ကျွန်တော်တို့ရဲ့ အမြင်ကို ထပ်လောင်းပြောကြားလိုပါတယ်။ လုံခြုံရေးကောင်စီအဖွဲ့ဝင်အရေအတွက် တိုးချဲ့ရေးနဲ့ လုံခြုံရေးကောင်စီက ကျင့်သုံးနေတဲ့ လုပ်ငန်းနည်းစနစ်များ ပြုပြင်ပြောင်းလဲရေးတို့ကို တပေါင်းတစည်းတည်းနဲ့ ဆောင်ရွက်ရန် လိုအပ်ပါတယ်။ လုံခြုံရေးကောင်စီဟာ နိုင်ငံများကို ပိုမိုကိုယ်စားပြုမှုရှိပြီး မျက်မှောက်ခေတ်နိုင်ငံရေး၊ စီးပွားရေးပကတိအခြေအနေများကို ထင်ဟပ်စေရန် အမြဲတမ်းအဖွဲ့ဝင်ရော အမြဲတမ်းမဟုတ်တဲ့ အဖွဲ့ဝင်ကိုပါ တိုးချဲ့ ရန် လိုအပ်ပါလိမ့်မယ်။ လုံခြုံရေးကောင်စီကို ဒီမိုကရေစီဖြစ်စဉ်နဲ့အညီ ပြောင်းလဲရန် ဆောင်ရွက်ရာမှာ ဗီတိုအာဏာဖျက်သိမ်းနိုင်ပါက အကောင်းဆုံးဖြစ်ပါတယ်။ အဲဒီလို ဖျက်သိမ်းခြင်းမပြုနိုင်မီ ဗီတိုအာဏာသုံးစွဲမှုကို ကန့်သတ်ရန် လိုအပ်ပါလိမ့်မယ်။ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအသစ်များအနေနဲ့လက်ရှိအမြဲတမ်းအဖွဲ့ဝင် နိုင်ငံများနည်းတူ အခွင့်အရေးများ၊ ရပိုင်ခွင့်များရရှိရန် လိုအပ်ကြောင်း ကျွန်တော်တို့က ခံယူပါတယ်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က တာဝန်ပေးအပ်ထားတဲ့ ခြိမ်းခြောက်မှုများ၊ ရင်ဆိုင်ကြုံတွေ့ရမယ့် အခက်အခဲများနဲ့ ပြောင်းလဲမှုများဆိုင်ရာ အဆင့်မြင့်အဖွဲ့ရဲ့ ဆောင်ရွက်ဆဲ လုပ်ငန်းများကို မြန်မာနိုင်ငံက စိတ်ဝင်စားလျက်ရှိပါတယ်။ အဲဒီအဖွဲ့ရဲ့ အစီရင်ခံစာကို အခြေခံပြီး အတွင်းရေးမှူးချုပ်က အထွေထွေညီလာခံကို ထောက်ခံတင်ပြမှုများ ပြုလုပ်တဲ့အခါမှာ အဖွဲ့ဝင်နိုင်ငံအားလုံးကပါဝင်ပြီး ပွင့်လင်းစွာ ညှိနှိုင်းတိုင်ပင်ရန်လိုအပ်ကြောင်း ကျွန်တော်တို့က အလေးထား ပြောကြားလိုပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဆက်စပ်ယှက်နွယ် ပြောင်းလဲနေတဲ့ ကမ္ဘာကြီးမှာ ဖွံ့ဖြိုးဆဲနိုင်ငံများ အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုအပါအဝင် ဒေသဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများဟာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများကို အထောက်အကူပြုလျက်ရှိပါတယ်။ အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ မြန်မာနိုင်ငံဟာ အာရှ–ပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပူးပေါင်းဆောင်ရွက်မှုများမြှင့်တင်ရေးတို့အတွက် အာဆီယံတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေပါတယ်။

မြန်မာနိုင်ငံအနေနဲ့ အခြားသော ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များဖြစ်တဲ့ ဧရာဝတီ၊ ကျောက်ဖယား၊ မဲခေါင်စီးပွားပူးပေါင်းဆောင်ရွက်ရေး မဟာဗျူဟာ(အက်ခ်မက်ခ်)နဲ့ ဘင်းစတက်အဖွဲ့တို့မှာလည်း တက်ကြွစွာ ပါဝင်လှုပ်ရှားလျက်ရှိပါတယ်။ ယင်းတို့ဟာ အိမ်နီးချင်းနိုင်ငံများအကြား စီးပွားရေးနဲ့ ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရန် ရည်ရွယ်ပြီး ဖွဲ့စည်းထားတဲ့ ထင်ရှားတဲ့ လုပ်ငန်းအစီအစဉ်များ ဖြစ်ပါတယ်။ အာရှနိုင်ငံများရဲ့ ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကိုရယူရန် ရည်ရွယ်ပြီး ဖွဲ့စည်းထားတဲ့ အာရှပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှု(အေစီဒီ)မှာလည်း မြန်မာနိုင်ငံက တက်ကြွစွာ ပါဝင်လှုပ်ရှားနေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အကြမ်းဖက်မှုဟာ ယနေ့ ကမ္ဘာကြီးမှာ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုများအနက် အကြီးမားဆုံးသော စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါတယ်။ အကြမ်းဖက်မှုဟာ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ခြိမ်းခြောက်နေပြီး အသက်ရှင်သန်ခွင့်အပါအဝင် လူ့အခွင့်အရေးများကို ချိုးဖောက်နေပါတယ်။

ယမန်နှစ်ကဆိုရင် အကြမ်းဖက်သမားများရဲ့ စစ်ပွဲဟာ ကုလသမဂ္ဂအဖွဲ့ကြီးကိုပါ ထိပါးလာခဲ့ပါတယ်။ ဘဂ္ဂဒက်မြို့၊ ကုလသမဂ္ဂဌာနချုပ်မှာ ဖြစ်ပွားခဲ့တဲ့ အကြမ်းဖက်မှုကြောင့် အတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာ ဆာဂျယို၊ ဗီယာ၊ ဒီမဲလိုး အပါအဝင် အပြစ်မဲ့သူ ၂၂ ဦး ရက်စက်စွာ သေဆုံးခဲ့ရရှာပါတယ်။ မကြာသေးမီကလဲ ဘဲလ်ဆန်၊ ဂျကာတာ၊ မဒရစ်မြို့များအပါအဝင် ကမ္ဘာ့အနှံ့အပြားမှာ စာနာမှုကင်းမဲ့တဲ့ အကြမ်းဖက်လုပ်ရပ်များကို တွေ့မြင်ခဲ့ရပါတယ်။

မြန်မာနိုင်ငံဟာ အကြမ်းဖက်မှုအားလုံးကို ခြွင်းချက်မရှိ ရှုတ်ချပါတယ်။ အပြည်ပြည်ဆိုင်ရာဥပဒေများ၊ ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဒီအန္တရာယ်ကို တိုက်ဖျက်ရာမှာ ပူးပေါင်းဆောင်ရွက်ကြဖို့ နိုင်ငံတကာအသိုင်းအဝိုင်းနဲ့အတူ မြန်မာနိုင်ငံက တောင်းဆိုကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံရဲ့နယ်မြေကို အသုံးပြုပြီး နိုင်ငံတစ်နိုင်ငံအပေါ် ရန်လိုတိုက်ခိုက်မှုများ ပြုလုပ်ရန် ကျွန်တော်တို့က ဘယ်သောအခါကမှ ခွင့်မပြုခဲ့ပါ။ အကြမ်းဖက်လုပ်ရပ်များမှာ ပါဝင်သူများကို အကူအညီတစ်စုံတစ်ရာ ပေးခြင်းမရှိသလို ၎င်းတို့အား မည်သည့်အခါကမှ ခိုလှုံခွင့်ပေးခဲ့ခြင်းမရှိပါ။ နောင်တွင်လဲ ပေးလိမ့်မည်မဟုတ်ကြောင်း ပြောကြားလိုပါတယ်။

မြန်မာနိုင်ငံဟာ ဒီခြိမ်းခြောက်မှု တိုက်ဖျက်ရေးအတွက် နိုင်ငံအဆင့်၊ ဒေသအဆင့်နဲ့ အပြည်ပြည်ဆိုင်ရာအဆင့်များမှာ အစွမ်းကုန်ဆောင်ရွက်နေပါတယ်။ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၇၃ (၂၀၀၁) နဲ့အညီ ဖွဲ့စည်းခဲ့တဲ့ ကုလသမဂ္ဂအကြမ်းဖက်မှု တန်ပြန်တိုက်ဖျက်ရေးကော်မတီသို့ ဦးစွာအစီရင်ခံစာတင်သွင်းတဲ့ နိုင်ငံများစာရင်းမှာ မြန်မာနိုင်ငံပါဝင်ခဲ့ပြီး၊ တတိယအကြိမ် အစီရင်ခံစာကိုပင် တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ အကြမ်းဖက်မှုကို နှိမ်နင်းရေး အပြည်ပြည်ဆိုင်ရာဥပဒေစာချုပ်(၁၂)ရပ်အနက် ဥပဒေစာချုပ်(၁၁)ရပ်အား လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်းများ ဆောင်ရွက်ပြီး ဖြစ်ပါတယ်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ ဘာလီဖြစ်စဉ်မှာလည်း တက်ကြွစွာပါဝင်လှုပ်ရှားနေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တရားမဝင်မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်မှုဟာ နိုင်ငံဖြတ်ကျော်မှုခင်းတွေနဲ့နီးကပ်စွာ ဆက်စပ်နေတဲ့ နောက်ထပ်စိန်ခေါ်မှုတစ်ရပ်ဖြစ် ပါတယ်။ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းတဲ့စစ်ပွဲကိုအောင်မြင်စွာ ဆင်နွှဲနိုင်မယ်ဆိုရင် နိုင်ငံဖြတ်ကျော်မှုခင်းတိုက်ဖျက်မှုကိုလည်း အထောက်အကူပြုမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနဲ့ မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးတို့ကို အထူးအလေးထားဆောင်ရွက်နေပါတယ်။ ဒီအစီအစဉ်အရ မြန်မာနိုင်ငံမှာ ၂၀၁၄ ခုနှစ်ထက် နောက်မကျဘဲ မူးယစ်ဆေးဝါးလုံးဝ ပပျောက်ဖို့ ရည်ရွယ်ထားတဲ့ ၁၅ နှစ် အမျိုးသားစီမံချက်ကို ချမှတ်ထားပါတယ်။

မြန်မာနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့ ၁၀ နှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိတဲ့ မူးယစ်ဆေးဝါးမျိုးစုံကို ဖမ်းဆီးပြီး ဖျက်ဆီးနိုင်ခဲ့ပါတယ်။ ‘ပန်းတိုင်သစ်’ ခေါ် အမျိုးသားစီမံကိန်းဟာလည်း အောင်မြင်မှုတွေရနေပါတယ်။ ဘိန်းစိုက်ပျိုးသူများက ၎င်းတို့ဆန္ဒအရ ဘိန်းစေ့ ကီလိုဂရမ် ၁၅၂၁၀၀ ကို လာရောက်အပ်နှံခဲ့တဲ့အတွက် နိုင်ငံတော်က ဝင်ငွေကောင်းတဲ့ ဘိန်းအစားထိုးသီးနှံမျိုးစေ့များကို ပြန်လည်ပေးအပ်ခဲ့ပါတယ်။ နိုင်ငံတော်အစိုးရထံ လာရောက်အပ်နှံခဲ့တဲ့ ဘိန်းစေ့များကို စိုက်ပျိုးထုတ်လုပ်ခဲ့မယ်ဆိုပါက ဘိန်းဖြူ ၄၁ တန်အထိ ထွက်ရှိနိုင်ပါတယ်။ ၂၀၀၂–၂၀၀၃ ခုနှစ်အတွင်း လာရောက်အပ်နှံတဲ့ ဘိန်းစေ့များကို (၁၁)ကြိမ် တိုင်တိုင် မီးရှို့ဖျက်ဆီးခဲ့ပါတယ်။

အမေရိကန် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအေဂျင်စီရဲ့ စာရင်းဇယားတွေအရ မြန်မာနိုင်ငံမှာ ၁၉၉၆ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ ရှစ်နှစ်တာကာလမှာ ဘိန်းစိုက်ပျိုးမှုဟာ ၇၁ ရာခိုင်နှုန်းလျော့နည်းခဲ့ပြီး ဘိန်းထုတ်လုပ်မှုဟာ ၈၁ ရာခိုင်နှုန်း လျော့နည်းခဲ့တာကို တွေ့ရပါတယ်။ ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ မှုခင်းနှိမ်နင်းရေးရုံးက မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးအတွက် ခံယူသန္နိဋ္ဌာန်ထားရှိမှုကို အသိအမှတ်ပြုခဲ့ပါတယ်။

ဓာတုဗေဒနည်းနဲ့ထုတ်လုပ်တဲ့ မူးယစ်ဆေးဝါးပြဿနာဟာ မကြာသေးမီနှစ်များက ပေါ်ပေါက်လာပြန်ပါတယ်။ တရားမဝင်မူးယစ်ဆေးဝါးကွင်းဆက်ဟာ မူးယစ်ဆေးဝါးထုတ်လုပ်ရန်လိုအပ်တဲ့ ဓာတုဆေးဝါးရောင်းဝယ်မှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ခြင်းမရှိမှုကစတင်ပြီး နိုင်ငံတကာဘဏ္ဍာရေးနဲ့ စီးပွားကူးသန်းဈေးကွက်များမှာ ငွေမည်းကို ငွေဖြူပြုလုပ်ခြင်းနဲ့အဆုံးသတ်ပါတယ်။ နိုင်ငံနယ်နိမိတ်များဖြတ်ကျော်တဲ့ ဒီပြဿနာကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုနဲ့သာ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုပါက မူးယစ်ဆေးဝါးထုတ်လုပ်ရာမှာ လိုအပ်တဲ့ ဓာတုပစ္စည်းများကို မြန်မာနိုင်ငံတွင်ထုတ်လုပ်ခြင်းမရှိပါ။ ဒီဓာတုပစ္စည်းထုတ်လုပ်တဲ့ နိုင်ငံတွေအနေနဲ့ ထိရောက်တဲ့ ထိန်းချုပ်မှုယန္တရားများထားရှိဖို့ ကျွန်တော်တို့က တိုက်တွန်းလိုပါတယ်။ ဒီဓာတုပစ္စည်းများမရှိရင် စိတ်ကိုပြောင်းလဲစေတတ်တဲ့ မူးယစ်ဆေးဝါးများကို ထုတ်လုပ်နိုင်မှာမဟုတ်ပါ။

မြန်မာနိုင်ငံအနေနဲ့ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးကို အောင်မြင်အောင် ဆောင်ရွက်ရန် သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။ ဒီမူးယစ်ဆေးဝါးအန္တရာယ်ဆိုးကြီးကို တစ်ကမ္ဘာလုံးမှာ ပပျောက်သွားစေရန် မြန်မာနိုင်ငံဟာ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်မှုနဲ့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများနဲ့ ဆောင်ရွက်နေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အနောက်နိုင်ငံအချို့က မြန်မာနိုင်ငံဟာ လူကုန်ကူးမှုကို ထိရောက်စွာ အရေးယူဆောင်ရွက်မှုမရှိဟုဆိုပြီး စွပ်စွဲနေတာရှိပါတယ်။ ဒီစွပ်စွဲမှုတွေဟာ လုံးဝမှန်ကန်မှုမရှိပါ။ ဒီလိုဆိုးရွားလှတဲ့ လူကုန်ကူးမှုကို တညီတညွတ်တည်းပူးပေါင်း ဆောင်ရွက်ခြင်းနဲ့သာ တားဆီးနှိမ်နင်းနိုင်မယ်လို့ မြန်မာနိုင်ငံကခံယူထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီပြဿနာကို အလေးပေး ဖြေရှင်းရာမှာ ဥပဒေချမှတ်ခြင်း၊ လုပ်ငန်းအစီအစဉ်ချမှတ်ဆောင်ရွက်ခြင်း၊ အဆင့်မြင့်ဦးဆောင်မှုပေးခြင်းစတဲ့ ဘက်စုံထောင့်စုံပါဝင်တဲ့မူများ ချမှတ်ထားတဲ့နည်းတူ နှစ်နိုင်ငံချင်း၊ ဒေသအလိုက်နဲ့ ဘာလီအစီအစဉ်များအပါအဝင် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများနဲ့ ဆောင်ရွက်နေပါတယ်။

ဒါနဲ့ဆက်စပ်ပြီး မြန်မာနိုင်ငံဟာ နယ်စပ်ဖြတ်ကျော်မှုခင်းတိုက်ဖျက်ရေးနဲ့ ပတ်သက်တဲ့ ကုလသမဂ္ဂကွန်ဗင်းရှင်းကို ဒီနှစ် မတ်လ ၃၀ ရက်နေ့က အတည်ပြုခဲ့ပါတယ်။ ဒီကွန်ဗင်းရှင်းနှင့်အညီ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားဥပဒေမူကြမ်းကိုလည်း ရေးဆွဲနေပါတယ်။

မြန်မာနိုင်ငံဟာ လူကုန်ကူးမှု တိုက်ဖျက်ရေးနဲ့ပတ်သက်တဲ့ မဲခေါင်ဒေသနိုင်ငံ ဝန်ကြီးအဆင့် အစည်းအဝေး (COMMIT) ကို လာမည့်အောက်တိုဘာလအတွင်း လက်ခံကျင်းပဖို့လည်းရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မြန်မာနိုင်ငံကို လူ့အခွင့်အရေးချိုးဖောက်မှုနဲ့ပတ်သက်လို့ စွပ်စွဲမှုတွေဟာ နိုင်ငံတော်အစိုးရအား နိုင်ငံရေးအရ သိက္ခာချရန် ရည်ရွယ်ခြင်းသာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လူ့အခွင့်အရေး ကိစ္စရပ်ဟာ အရေးကြီးတဲ့ ကိစ္စရပ်တစ်ခုဖြစ်တယ်လို့ ခံယူပါတယ်။ ဒီကိစ္စရပ်ကို မှန်မှန်ကန်ကန်နဲ့ ကျောသားရင်သားမခွဲခြားဘဲ ကိုင်တွယ်သွားသင့်ပါတယ်။ ဒါ့ပြင် သက်ဆိုင်ရာ နိုင်ငံအသီးသီးရဲ့ သမိုင်းနောက်ခံအခြေအနေ၊ လူမှုရေး၊ ဘာသာရေးနဲ့ ယဉ်ကျေးမှုလက္ခဏာများကိုလည်း အလေးပေးသင့်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ အစဉ်တစိုက်ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံသားများရဲ့ အခြေခံလူ့အခွင့်အရေးများ၊ ကာကွယ်ရေးနဲ့ မြှင့်တင်ရေး၊ အထူးသဖြင့် စားဝတ်နေရေး အခွင့်အရေးများရရှိရေး၊ ဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းရရှိရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပေးနေပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး အမျိုးသားလူ့အခွင့်အရေးကော်မတီတစ်ရပ်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေးရေးကို တစ်နိုင်ငံလုံးရှိ စာသင်ကျောင်းများရဲ့ သင်ရိုးညွှန်းတမ်းများမှာ ထည့်သွင်းသင်ကြားပြီး အလုပ်ရုံဆွေးနွေးပွဲများကိုလည်း ကျင်းပပြုလုပ်နေပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးအရ ဖိအားပေးလိုတဲ့ အစိုးရမဟုတ်တဲ့ အဖွဲ့အစည်းတစ်ခုက ကျွန်တော်တို့အိမ်နီးချင်းတစ်ဖက်နိုင်ငံရှိ သောင်းကျန်းသူ ၂၅ ဦးခန့်ကို တွေ့ဆုံမေးမြန်းပြီး မြန်မာ့တပ်မတော်တွင် ကလေးသူငယ်စစ်သည်ဦးရေ ခုနစ်သောင်းခန့်ရှိတယ်ဆိုတဲ့ ယုတ္တိမရှိတဲ့ အစီရင်ခံစာ ထွက်ပေါ်လာခဲ့ပါတယ်။ ယင်း စွပ်စွဲချက်ဟာ မတရားချဲ့ကားထားခြင်းသာဖြစ်ပါတယ်။ ဒီလိုမတရားစွပ်စွဲချက်ဟာ ကလေးသူငယ်များနဲ့ လက်နက်ကိုင်ပဋိပက္ခဘာသာရပ်နဲ့ ပတ်သက်တဲ့ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်ရဲ့ ၂၀၀၂ ခုနှစ်အစီရင်ခံစာမှာ ထည့်သွင်းဖော်ပြလာတာကို တွေ့ရပါတယ်။ ယခုလိုထည့်သွင်းခဲ့တဲ့ နောက်ပိုင်းမှာ ဒီအစီရင်ခံစာဟာ လုံခြုံရေးကောင်စီမှာ ကျင်းပခဲ့တဲ့ ကလေးသူငယ်များနဲ့

1-10 (08).p65 1 24.03.1905, 11:29 PM

# အဆင့် (၇) ဆင့်ပါ နိုင်ငံရေးအစီအစဉ်ကို အောင်မြင်စွာဆောင်ရွက်လိုသည့် အများဆန္ဒထင်ရှား

## အမျိုးသားညီလာခံ ဒုတိယအကြိမ်အစည်းအဝေးကို လာမည့်ပွင့်လင်းရာသီ၌ ပြန်လည်စတင်နိုင်ရေး ကြိုတင်ပြင်ဆင်နေ

လက်နက်ကိုင် ပဋိပက္ခဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲမှာ ရည်ညွှန်းကိုးကားတဲ့ အခြေခံစာရွက်စာတမ်းတစ်ခု ဖြစ်လာတာကို တွေ့ရပါတယ်။

ကျွန်တော့်အနေနဲ့ ဦးစွာပြောလိုတာကတော့ မြန်မာနိုင်ငံဟာ လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားနေတဲ့ နိုင်ငံတစ်နိုင်ငံ မဟုတ်ဘူးဆိုတာကို ခိုင်မာစွာ ထပ်လောင်းပြောကြားလိုပါတယ်။ မြန်မာနိုင်ငံဟာ ငြိမ်းချမ်းတည်ငြိမ်မှု ရရှိနေတဲ့ နိုင်ငံဖြစ်ပါတယ်။ ဒုတိယအချက်အနေနဲ့ မြန်မာနိုင်ငံမှာ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းရန် စုဆောင်းခြင်းကို ဥပဒေအရလည်းကောင်း၊ လက်တွေ့အားဖြင့်လည်းကောင်း လုံးဝခွင့်ပြုခြင်း မရှိဘူးဆိုတဲ့ အချက်ကို ရှင်းလင်းသဲကွဲစွာ အတိအလင်းပြောကြားလိုပါတယ်။

လုံခြုံရေးကောင်စီက ကလေးသူငယ်များနဲ့ လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ ဘာသာရပ်ဆုံးဖြတ်ချက် မချခင်ကတည်းကပင် ကာကွယ်တားဆီးရေးလုပ်ငန်း အစီအစဉ်တစ်ရပ်ကို စီမံဆောင်ရွက်ထားပြီးဖြစ်ပါတယ်။အဲဒီကိစ္စနဲ့ပတ်သက်လို့ အရွယ် မရောက်သေးတဲ့ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီး ထိန်းသိမ်းရေး ကော်မတီဥက္ကဋ္ဌက မြန်မာနိုင်ငံရှိ ယူနီဆက်ဖ်ကိုယ်စားလှယ်အား မကြာသေးမီက လက်ခံတွေ့ဆုံပြီး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနည်းလမ်းများကို ရှာဖွေရန် ဆွေးနွေးခဲ့ပါတယ်။ ယူနီဆက်ဖ်ကိုယ်စားလှယ်ကို ရန်ကုန်မြို့ အနီးရှိ စစ်သားစုဆောင်းရေးတပ်ကိုလည်းကောင်း၊ အဲဒီနောက်ပိုင်းမှာလည်း ကုလသမဂ္ဂဗျာနေ ညှိနှိုင်းရေးမှူးနဲ့အတူ မန္တလေးမြို့ရှိ စစ်သားစုဆောင်းရေး တပ်သို့လည်းကောင်း လေ့လာကြည့်ရှုခွင့်ပြုခဲ့ပါတယ်။ ၎င်းတို့ကလည်း ကွင်းဆင်းလေ့လာမှုများပြုလုပ်ခဲ့ပြီး သက်ဆိုင်ရာ တပ်မတော်အရာရှိများနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ကြတဲ့အပြင် တပ်သားသစ်များနဲ့လည်း တွေ့ဆုံခွင့် ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ လုပ်ငန်းအစီအစဉ်တစ်ရပ်ကို အပြီးသတ် ရေးဆွဲနေပြီး အဲဒီကိစ္စနဲ့ပတ်သက်လို့ ယူနီဆက်ဖ်နဲ့လည်း ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နေပါတယ်။ ကလေးသူငယ်များနဲ့ လက်နက်ကိုင် ပဋိပက္ခဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ်နဲ့ ပူးပေါင်းဆောင်ရွက်မှုများကိုလည်း ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ နိုင်ငံရဲ့ ဖြစ်ပေါ်တိုးတက်မှုများနဲ့ ပတ်သက်လို့ ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံမှာ ငြိမ်းချမ်းရေးနဲ့တည်ငြိမ်မှုကို ပြန်လည်တည်ဆောက်ပြီးဖြစ်ပါတယ်။ ယခုအခါမှာ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီးအဖြစ် ချောမွေ့စွာ အသွင်ကူးပြောင်းဖို့ လိုအပ်တဲ့အစီအစဉ်များကို စတင်အကောင်အထည်ဖော်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် တိုင်းရင်းသားလူမျိုး ၁၃၅မျိုးတို့ရဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထူးဦးစားပေး ဆောင်ရွက်နေပါတယ်။ နယ်စပ်ဒေသမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားလူမျိုးများရဲ့ စီးပွားရေးနဲ့ လူမှုရေးဖွံ့ဖြိုးတိုးတက်မှုများ တိုးမြှင့်ရန်နဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို တိုးမြှင့်ဆောင်ရွက်ရန် နိုင်ငံတော်အစိုးရအနေနဲ့ ကျပ် ၅၈ ဘီလီယံနဲ့ အမေရိကန်ဒေါ်လာ သန်း ၅၅၀ ကျော် အကုန်ခံပြီး ဆက်သွယ်ရေး ကွန်ရက်များ၊ ကျန်းမာရေးနဲ့ ပညာရေး အဆောက်အအုံများ ပါဝင်တဲ့ အခြေခံ အဆောက်အအုံများကို ထူထောင်ပေးခဲ့လို့ အဲဒီဒေသမှာရှိတဲ့ နိုင်ငံသားများရဲ့ လူနေမှုဘဝ အရည်အသွေးကို တိုးတက်စေခဲ့ပါတယ်။

အနောက်နိုင်ငံ အချို့က မြန်မာနိုင်ငံအပေါ် တစ်ဖက်သတ် စီးပွားရေး ပိတ်ဆို့ ကန့်သတ်မှုများကို ဆောင်ရွက်ခဲ့ပေမယ့် မြန်မာနိုင်ငံမှာ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူများရဲ့ သာယာဝပြောမှုကို တိုးတက်စေခဲ့ပါတယ်။ ဒီလို တိုးတက်စေမှုဟာ ကျွန်တော်တို့ရဲ့ ပြည်တွင်း အင်အားကို အသုံးချနိုင်မှုနဲ့ အိမ်နီးချင်းနိုင်ငံများရဲ့ ကူညီပံ့ပိုးမှုနဲ့ ပူးပေါင်း ဆောင်ရွက်မှုများကြောင့်ဖြစ်ပါတယ်။

ပညာရေး၊ ကျန်းမာရေးကဏ္ဍတွေမှာ သိသာထင်ရှားတဲ့ တိုးတက်မှုတွေ ရရှိခဲ့ပါတယ်။ နိုင်ငံတစ်ဝန်းလုံးမှာ ဆေးရုံပေါင်း ၇၅၇ ရုံအထိ ရှိလာခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်အတွင်းမှာပဲ ဆေးရုံပေါင်း ၁၄၀ကို တိုးချဲ့ ဖွင့်လှစ်နိုင်ခဲ့ပြီး လွန်ခဲ့တဲ့တစ်နှစ်အတွင်းမှာပင် ဆေးရုံ ၂၂ ရုံကို တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ အလားတူစွာပင် ၁၅ နှစ်ကာလအတွင်း တက္ကသိုလ်၊ ကောလိပ်များကို ၃၂ ခုကနေ ၁၅၄ ခုအထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ ဒီတက္ကသိုလ်၊ ကောလိပ်တွေမှာ ပညာသင်ကြားနေတဲ့ ကျောင်းသူ ကျောင်းသားအရေအတွက်ဟာလဲ ၁၂၀၀၀၀ ကနေ ၈၉၀၀၀၀ အထိ သိသာထင်ရှားစွာ တိုးတက်လာခဲ့ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့နိုင်ငံမှာ မကြာခင်က ဖြစ်ပေါ်ခဲ့တဲ့ နိုင်ငံရေးဖြစ်ပေါ် တိုးတက်မှုများနဲ့ ပတ်သက်လို့ တင်ပြလိုပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ဟာ ၂၀၀၃ ခုနှစ် သြဂုတ်လမှာ အဆင့်(၇)ဆင့်ပါတဲ့ ဒီမိုကရေစီသို့ ကူးပြောင်းရေး နိုင်ငံရေးအစီအစဉ် (Road Map)ကို ကြေညာခဲ့ပါတယ်။ ဒီအစီအစဉ်ဟာ ပြည်တွင်းက တစ်ခဲနက်ထောက်ခံမှုကို ရရှိခဲ့သလို အိမ်နီးချင်းနိုင်ငံများရဲ့ ထောက်ခံမှုကိုလည်း ရရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ နိုဝင်ဘာလမှာ ကျင်းပခဲ့တဲ့ အာဆီယံ ထိပ်သီး အစည်းအဝေးကြီးကလည်း ဒီမိုကရေစီသို့ အသွင်ကူးပြောင်းရေးနဲ့ပတ်သက်တဲ့ မြန်မာနိုင်ငံတော်အစိုးရရဲ့ ကတိကဝတ်ပြုမှုကို ကြိုဆိုခဲ့ကြပါတယ်။

ဒီအစီအစဉ်ရဲ့ ပထမနဲ့ အရေးအကြီးဆုံးခြေလှမ်းဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ဒီနှစ် မေလ ၁၇ ရက်နေ့က ပြန်လည်ကျင်းပခဲ့ပါတယ်။

ဒီညီလာခံကြီးက ပြည်သူလူထုကို ကိုယ်စားပြုတဲ့ လူထုလူတန်းစားအလွှာ ရှစ်ရပ်မှ ကိုယ်စားလှယ်ပေါင်း ၁၀၈၈ ဦး တက်ရောက်ပါတယ်။ ဒီညီလာခံကြီးဟာ ကိုယ်စားလှယ် ၇၀၀ တက်ရောက်ခဲ့တဲ့ ယခင်အမျိုးသားညီလာခံ အစည်းအဝေးထက် ပိုမိုကိုယ်စားပြုမှုရှိတာကို တွေ့ရပါတယ်။

ဒါ့အပြင် လက်ရှိအမျိုးသားညီလာခံတက်ရောက်တဲ့ ကိုယ်စားလှယ်များရဲ့ ၆၀ ရာခိုင်နှုန်းကျော်ဟာ တိုင်းရင်းသားလူမျိုးစုများမှ ဖြစ်ပါတယ်။ ကိုယ်စားလှယ် ၁၀၀ကျော်ဟာ လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်ခဲ့ကြတဲ့ လက်နက်ကိုင် အဖွဲ့ကြီး ၁၇ ဖွဲ့နဲ့ အဖွဲ့ငယ် ၁၇ဖွဲ့ကို ကိုယ်စားပြုနေပါတယ်။ ပြီးခဲ့တဲ့ ညီလာခံအစည်းအဝေးမှာတော့ လက်နက်နဲ့ ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြတဲ့ အဖွဲ့သုံး၊ လေးဖွဲ့သာ လေ့လာသူအဖြစ်နဲ့ တက်ရောက်နိုင်ခဲ့ကြတာ ဖြစ်ပါတယ်။

ပြန်လည်ကျင်းပတဲ့ အမျိုးသားညီလာခံရဲ့ ပထမအကြိမ်အစည်းအဝေးမှာ အလွန်လေးနက်သိမ်မွေ့တဲ့ကိစ္စဖြစ်တဲ့ ဗဟိုအစိုးရနဲ့ ပြည်နယ်၊ ဒေသကြီးများအကြား အာဏာခွဲဝေမှုကို အဓိကထား ဆွေးနွေးခဲ့ကြပါတယ်။ ဒီအာဏာခွဲဝေမှုဘာသာရပ်ဟာ အမှန်တော့ အလွန်အရေးကြီး သိမ်မွေ့လှပါတယ်။ ဘာကြောင့်လဲဆိုတော့ မြန်မာနိုင်ငံအနေနဲ့ ဗဟိုဦးစီးစနစ်ပုံစံကနေ ပြည်ထောင်စုအစိုးရပုံစံကို ပြောင်းမှာဖြစ်တဲ့အတွက် ပြည်နယ်ဒေသကြီးများမှာ တရားဥပဒေပြုမှုအဖွဲ့၊ စီမံအုပ်ချုပ်မှုအဖွဲ့များ သီးခြားစီထူထောင်ထားရှိမှာ ဖြစ်တဲ့အတွက် ဖြစ်ပါတယ်။ ညီလာခံကိုယ်စားလှယ်များအနေနဲ့ ဒီဘာသာရပ်ကို ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြပါတယ်။ ဒီဆွေးနွေးမှုဟာ ရှုပ်ထွေးပြီး သိမ်မွေ့နက်နဲမှုရှိတာကြောင့် အချိန်ယူခဲ့ပြီး တစ်ခါတစ်ရံမှာ အချေအတင်ဆွေးနွေးမှုတွေ ရှိခဲ့ပါတယ်။ အမျိုးသားညီလာခံရဲ့ ပထမအကြိမ်အစည်းအဝေးကို အောင်မြင်စွာ ကျင်းပခဲ့ပြီးနောက် ဇူလိုင်လ ၉ ရက်နေ့မှာ ခေတ္တရပ်နားခဲ့ပါတယ်။

မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိရေးဟာ သာယာဝပြောတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးမျှော်မှန်းချက် အောင်မြင်ရန် အဓိကလိုအပ်ချက်ဖြစ်ပါတယ်။

ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံရဲ့ ပထမအကြိမ် အစည်းအဝေး ရလဒ်များကို ကျွန်တော်တို့အနေနဲ့ များစွာ နှစ်ထောင်းအားရမိပါတယ်။ အဆင့်(၇)ဆင့်ပါတဲ့ နိုင်ငံရေးအစီအစဉ်ကို အောင်မြင်စွာ ဆောင်ရွက်လိုတဲ့ အများဆန္ဒဟာ ထင်ရှားလှပါတယ်။ အမျိုးသားညီလာခံရဲ့ ဒုတိယအကြိမ် အစည်းအဝေးကို လာမယ့်ပွင့်လင်းရာသီမှာ ပြန်လည်စတင်နိုင်ဖို့ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။

အမျိုးသားညီလာခံမှာ အခြေခံမူများနဲ့ပတ်သက်လို့ သဘောတူညီချက်ရရှိပြီးရင် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်ရဲ့ မူကြမ်းကို ရေးဆွဲမှာဖြစ်ပါတယ်။ ဒီဖွဲ့စည်းပုံအခြေခံဥပဒေသစ်မူကြမ်းကို မြန်မာပြည်သူများက ပြည်သူ့ဆန္ဒခံယူပွဲမှာ အဆုံးအဖြတ်ပေးကြမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို အတည်ပြုချမှတ်ပြီးတဲ့အခါမှာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကို ကျင်းပမှာဖြစ်ပြီး ဒီရွေးကောက်ပွဲကနေ ပြည်သူများက လိုလားတဲ့ ခေါင်းဆောင်များကို ရွေးချယ်တင်မြှောက်ကြမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးအဆောက်အအုံသစ်ဟာ တောင့်တင်းကြံ့ခိုင်မှုရှိပြီး နိုင်ငံတော်ဟာလည်း စည်းလုံးညီညွတ်မှုရှိဖို့ လိုပါတယ်။ နိုင်ငံရေးပါတီ တစ်ပါတီတည်းအနေနဲ့လည်းကောင်း၊ လူပုဂ္ဂိုလ်တစ်ဦး တစ်ယောက်တည်းအနေနဲ့လည်းကောင်း၊ နိုင်ငံတော်ရဲ့ အနာဂတ်ကို အဆုံးအဖြတ်ပေးနိုင်မှာ မဟုတ်ပါ။

ပန်းတိုင်ရောက်ဖို့ အမျိုးသားညီလာခံကလွဲလို့ အခြားနည်းလမ်း မရှိပါ။ အမျိုးသားညီလာခံဟာ ခေတ်မီ ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးဆိုတဲ့ မြန်မာပြည်သူတို့ရဲ့ တောင့်တချက်ကို ဖြည့်ဆည်းပေးနိုင်တဲ့ တစ်ခုတည်းသော ဖြစ်စဉ်ကြီးဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးကို မည်သည့်နည်းနဲ့မျှ အပျက်မခံနိုင်ပါ။ အမျိုးသားညီလာခံ မအောင်မြင်ပါက နိုင်ငံတော်ဟာ နက်ရှိုင်းလှတဲ့ မင်းမဲ့စရိုက်အခြေအနေဆိုးကြီးသို့ ဆိုက်ရောက်သွားနိုင်ပါတယ်။

ဒါကြောင့် အမျိုးသားညီလာခံကြီး အောင်မြင်တဲ့ရလဒ်များဖြစ်ပေါ်စေလာဖို့ ကျွန်တော်တို့အနေနဲ့ များစွာ အလေးထားပါတယ်။

ဒီလိုအရေးပါလှတဲ့ အမျိုးသားရေးကြီးပမ်းမှုကြီးအောင်မြင်မှုရရှိစေရန် ကျွန်တော်တို့အနေနဲ့သန္နိဋ္ဌာန် ချမှတ်ထားပြီး ဖြစ်ပါတယ်။ ။

**(သတင်းစဉ်)**

## အမျိုးသားညီလာခံကသာ မြန်မာပြည်သူတို့၏တောင့်တချက်ကိုဖြည့်ဆည်းပေးနိုင်

## အမျိုးသားညီလာခံကြီးကို မည်သည့်နည်းနှင့်မျှ အပျက်မခံနိုင်

## သာယာဝပြောတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးတည်ဆောက်ရေး

- ❒ မကြာသေးမီက ဖြစ်ပွားခဲ့တဲ့ဖြစ်ရပ်များက ကုလသမဂ္ဂခွင့်ပြုချက်မပါဘဲ မိမိတစ်ဦးတည်းဆန္ဒနဲ့ ဆောင်ရွက်ခြင်း၊ အင်အားအသုံးပြုပြီး အဖြေရှာခြင်းတို့ဟာ အန္တရာယ်ကြီးမားပြီး အကျိုးကျေးဇူးမရှိတဲ့ လုပ်ဆောင်ချက်များဖြစ်တယ်လို့ ထောက်ပြလျက်ရှိ။
- ❒ အာဆီယံအဖွဲ့ဝင်ဖြစ်တဲ့ မြန်မာနိုင်ငံဟာ အာရှ-ပစိဖိတ်ဒေသအတွင်း ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးတို့အတွက် အာဆီယံတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေ။
- ❒ ကုလသမဂ္ဂမူးယစ်ဆေးဝါးနဲ့ မှုခင်းနှိမ်နင်းရေးရုံးက မြန်မာနိုင်ငံရဲ့ မူးယစ်ဆေးဝါးတားဆီးတိုက်ဖျက်ရေးအတွက် ခံယူသန္နိဋ္ဌာန်ထားရှိမှုကို အသိအမှတ်ပြုခဲ့။
- ❒ မြန်မာနိုင်ငံအနေနဲ့ လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို ကုလသမဂ္ဂအဖွဲ့ကြီးနဲ့ အစဉ်တစိုက် ပူးပေါင်းဆောင်ရွက် လျက်ရှိ။
- ❒ မြန်မာနိုင်ငံမှာ အရွယ်မရောက်သေးသူ ကလေးသူငယ်များကို စစ်မှုထမ်းရန် စုဆောင်းခြင်းကို ဥပဒေအရ လည်းကောင်း၊ လက်တွေ့အားဖြင့်လည်းကောင်း လုံးဝခွင့်ပြုခြင်းမရှိဘူးဆိုတဲ့အချက်ကို ရှင်းလင်းသဲကွဲစွာ အတိ အလင်းပြောကြားလို။
- ❒ မြန်မာနိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်း၁၃၅ မျိုးနေထိုင်တဲ့ ပြည်ထောင်စုကြီးဖြစ်ပြီး တိုင်းရင်းသားစည်းလုံး ညီညွတ်မှုရရှိရေးဟာ သာယာဝပြောတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးမျှော်မှန်းချက် အောင်မြင်ရန် အဓိကလိုအပ်ချက်ဖြစ်။

## နိုင်ငံရေးပါတီ တစ်ပါတီတည်း

## လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်တည်းအနေနဲ့

## နိုင်ငံတော်ရဲ့အနာဂတ်ကို အဆုံးအဖြတ်မပေးနိုင်

# အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

## ရိရိမြင့် (သတင်းစဉ်)

လူ့အဖွဲ့အစည်းတွင် ကလေးမှစ၍ လူငယ်၊ လူလတ်၊ လူကြီး၊ လူအို အသက်အရွယ်မျိုးစုံ ရှိကြပေသည်။ ကလေးနှင့် လူငယ်တို့သည် အနာဂတ် လူ့ဘောင်တာဝန်ကို ထမ်းဆောင်ရန် ပညာသင်ကြရသည်။ လူလတ်ပိုင်းများကလည်း လူ့အဖွဲ့အစည်းများ၏ တာဝန်များကို ထမ်းဆောင်နေကြရပြီး လူကြီးနှင့် အသက်အရွယ် အိုမင်းသောသူများသည်လည်း ကျန်းမာသည်နှင့်အမျှ လူ့အဖွဲ့အစည်းများတွင် တတ်စွမ်းနိုင်သမျှ ပါဝင်ဆောင်ရွက်နေကြဆဲဖြစ်သည်။

လူအိုကို လူပိုဟူ၍ ပစ်ပယ်မထားသင့်ပေ။ သူ့နေရာနှင့် သူ့အရွယ်အလိုက် ပါဝင်၍ လူ့ဘောင်အဖွဲ့အစည်းအတွက် ကောင်းကျိုးဝေဖြာ ပျော်ရွှင်ဖွယ်ရာများကို ဖန်တီးနေကြသူများ ဖြစ်သည်။

**သက်ကြီးရွယ်အိုများသည်လည်း တစ်ချိန်က လူ့ဘောင်၏ ကောင်းကျိုးများကို သယ်ပိုးခဲ့ကြသူများဖြစ်သည်။ အိုမင်းသော်လည်း တတ်စွမ်းသမျှ မိမိနိုင်ရာ တာဝန်များကို ထမ်းဆောင်နေကြဆဲဖြစ်သည်။ ထိုသို့ ပါဝင်ဆောင်ရွက်ခွင့်ရှိအောင်လည်း လူမှုရေးအဖွဲ့အစည်းများက ဆောင်ရွက်ပေးလျက်ရှိပေသည်။**

အသက်အရွယ်ကြီးသူတို့သည် "ငါအိုပြီ" ဟူ၍ စိတ်ဓာတ်မကျသင့်ပေ။ အိုသည့်တိုင် သူ့နေရာနှင့်သူ စွမ်းဆောင်နိုင်စွမ်းရှိကြသေးသည်။ အိုသည့်တိုင် ဖွဲ့မလျှော့ဘဲ လူ့ဘောင်ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်နိုင်သေးလျှင် မိမိဘဝတွင် စိတ်ကျေနပ်စရာများ ဖြစ်လာပေမည်။ 'စိတ်ပျိုကိုယ်နု'၍ ကျန်းမာရေး ကောင်းမွန်နိုင်ပေသည်။

လူ့သက်တမ်း ပိုမိုရှည်လျားသော နိုင်ငံများတွင် အသက် ၆၅နှစ်အထက်ကို သက်ကြီးရွယ်အိုများဟု သတ်မှတ်သော်လည်း နိုင်ငံအများစုက အသက် ၆၀ကျော်လျှင် သက်ကြီးရွယ်အိုဟု သတ်မှတ်ကြသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ယခုအခါ အသက်၆၀အထက် လူကြီးသူမများကို သက်ကြီးရွယ်အိုများဟူ၍ သတ်မှတ်ထားပြီး သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်ရေး လုပ်ငန်းများကို နိုင်ငံတိုင်းလိုလိုကို ကျင်းပဆောင်ရွက်စေသည်။

ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏစသည့် ဇရာ၏ဖြစ်စဉ်များကို လူသားတိုင်း ရှောင်လွှဲ၍ မရနိုင်ချေ။

သက်ကြီးရွယ်အိုများတွင် ခန္ဓာကိုယ်အစိတ်အပိုင်းများ ချို့ယွင်းလာသဖြင့် စိတ်ဓာတ်ကျခြင်း၊ စိတ်ပူပင်သောကများ ဖိစီးလာခြင်း၊ သတိမေ့လျော့ခြင်းနှင့် သူငယ်ပြန်ခြင်းများ ဖြစ်ပေါ်လာစေသည်။

ထို့အပြင် ခါးကိုင်းခြင်း၊ ခြေလက်တုန်ခြင်း၊ လမ်းမလျှောက်နိုင်ခြင်း၊ မျက်စိမှုန်ခြင်း၊ နားထိုင်းခြင်းတို့မှစကာ ကျန်းမာရေးချို့ယွင်းမှုများကို ဖြစ်ပေါ်စေသည်။

ထိုသို့သော သက်ကြီးရွယ်အိုများကို ကိုယ်လက်လှုပ်ရှားမှုပြုစေခြင်း၊ အစားအသောက် ဆင်ခြင်စေခြင်း၊ ဆေးလိပ်၊ အရက် ရှောင်ကြဉ်စေခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းမှုပြုလုပ်စေခြင်း၊ အနားယူအပန်းဖြေခြင်း၊ စိတ်ချမ်းသာစွာ နေထိုင်ခြင်း၊ ကျန်းမာရေး စစ်ဆေးခြင်းနှင့် မိမိဝါသနာပါရာ အလုပ်တစ်ခုခုကို လုပ်စေခြင်းဖြင့် ရောဂါများကို ကုသစေနိုင်သည်။

> **သက်ကြီးရွယ်အိုများသည်လည်း တစ်ချိန်က လူ့ဘောင်၏ ကောင်းကျိုးများကို သယ်ပိုး ခဲ့ကြသူများ ဖြစ်သည်။ အိုမင်းသော်လည်း တတ်စွမ်းသမျှ မိမိနိုင်ရာ တာဝန်များကို ထမ်းဆောင်နေကြဆဲ ဖြစ်သည်။ ထိုသို့ ပါဝင် ဆောင်ရွက်ခွင့်ရှိအောင်လည်း လူမှုရေးအဖွဲ့ အစည်းများက ဆောင်ရွက်ပေးလျက် ရှိပေ သည်။**

ကမ္ဘာပေါ်တွင် အသက်အရွယ်ရာကျော်သူများနှင့် အသက်အရွယ်ကြီးသောသူများ အလုပ်လုပ်နိုင်စွမ်းရှိနေသေးသည်ကို တွေ့ရသည်။ အသက်ကြီးတိုင်းလည်း အရွယ်မအိုသေးသူများလည်း ရှိပေသည်။ ထိုသူများသည် အများအားဖြင့် အရာရာကို အကောင်းဘက်မှ ရှုမြင်နိုင်ခြင်း၊ ဒေါသကို ထိန်းနိုင်ခြင်းနှင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတရားကို သိရှိနားလည်ခြင်းတို့ကြောင့် ဖြစ်သည်။

"သင်လည်း တစ်နေ့ဤသို့အိုရအံ့" ဟူသောဆောင်ပုဒ်အတိုင်း လူကြီးသူမ အသက်အရွယ်ကြီးသောသူများကို နားလည်စာနာပြီး ရိုသေလေးစားစွာ စောင့်ရှောက်အပ်ပေသည်။

သက်ကြီးရွယ်အိုများကို စောင့်ရှောက်ခြင်းသည် လူသားများ စာနာမှုရှိသည့်အပြင် မြန်မာ့ယဉ်ကျေးမှု မင်္ဂလာတရားနှင့်လည်း ညီညွတ်လှပေသည်။

နိုင်ငံအလိုက်အစိုးရနှင့် အဖွဲ့အစည်းများ ပူးပေါင်း၍ သက်ကြီးရွယ်အိုများအတွက် လူမှုရေး၊ ကျန်းမာရေးများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာလူမျိုးတို့၏ အသက်အရွယ်ကြီးသူကို ရိုသေလေးစားခြင်းများကို ရှင်မဟာရဋ္ဌသာရ လူမှုကျင့်ဝတ်ဆုံးမစာတွင် "ဆွေကြီး မျိုးကြီး၊ အဘကြီးနှင့် ဦးရီးသားချင်း၊ ဘထွေးရင်းက ဟူသမျှကို ဂုဏဝုမှာ၊ ပစာယန၊ စိတ်ကသိစေ၊ ပြစ်မှားမိက မသင့်ချေ" ဟူ၍လည်းကောင်း။

မန်လည်ဆရာတော်ကြီး၏ မဃဒေဝ လင်္ကာတွင် "ဆရာမိဘ၊ ဘိုးဘွားစသား၊ ဝယဝုမ္မ၊ ဂုဏကြီးမား၊ ထိုသူများ၌၊ ပြစ်မှားမိခါ၊ နည်းမျှသာလျက်၊ အရာမသည်း၊ အပြစ်ပည်း၏" ဟူ၍လည်းကောင်း။

ကန်တော်မင်းကျောင်းဆရာတော်၏ လောကသာရဆုံးမစာတွင် "မိခင်၊ ဖခင်၊ ကျေးဇူးရှင်ကို ချစ်ခင်မြတ်နိုး၊ ဂူပုထိုးသို့၊ ရှိခိုးဦးတင်၊ ကြည်လင်မြတ်လေး၊ သိမ်းမြန်းမွေး၍၊ လုပ်ကျွေးခယ၊ ရိုတုပ်ကွလျက်၊ ကြီးထသက်အို၊ မျိုးဆွေကိုလည်း၊ ကြည်ညိုညွတ်တိမ်း၊ ပိုက်ထုပ်သိမ်း၍ ခပ်သိမ်းမယွင်း၊ ငြိမ်းစေမင်း" ဟူ၍လည်းကောင်း၊ မိဘ၊ ဘိုးဘွားစသည့် သက်ကြီးရွယ်အိုများကို ရိုသေလေးစားစွာ လုပ်ကျွေးပြုစုစောင့်ရှောက်ကြရန် ဆုံးမထားသော နီတိများ၊ ဆုံးမစာများ ရှိခဲ့ပေသည်။

ထိုဆုံးမစာများအရ အိုမင်းမစွမ်းဖြစ်လာသော မိအို၊ ဘအိုနှင့် အဘိုး၊ အဘွားများကို သား၊ သမီး၊ မြေးများနှင့်လူငယ်များက ချစ်ခင်မြတ်နိုး ဂူပုထိုးသို့ ရိုကျိုးလေးစားစွာ ကျွေးမွေးပြုစု စောင့်ရှောက်ကြသည်မှာ မြန်မာတို့၏ ဓလေ့စရိုက်များပင် ဖြစ်ပေသည်။

သားသမီး၊ ဆွေမျိုးသားချင်းနှင့် ထောက်ပံ့မည့်သူမရှိသော သက်ကြီးရွယ်အိုများကို နိုင်ငံတော်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနနှင့် လူမှုရေးအဖွဲ့အစည်းများက စောင့်ရှောက်မှုများပြုလုပ်ပေးခြင်းနှင့် စေတနာသဒ္ဓါတရား ထက်သန်သူတို့၏ လှူဒါန်းမှုတို့ကြောင့် ပြည်နယ်၊ တိုင်းများတွင် ဘိုးဘွားရိပ်သာ ၃၉ခု တည်ရှိနေပြီ ဖြစ်ပေသည်။

လူမှုဝန်ထမ်းဦးစီးဌာနကကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို ၁၉၉၉ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပပေးလျက်ရှိသည်။ အထိမ်းအမှတ်နေ့အကြို လုပ်ရှားမှုများအဖြစ် ဘိုးဘွားရိပ်သာများတွင် ငွေပဒေသာပင် စိုက်ထူလှူဒါန်းခြင်း၊ ဆေးဝါးများထောက်ပံ့ခြင်း၊ အဘိုးအဘွားများထဲတွင် အသက်အရွယ်အကြီးဆုံးနှင့် ဂုဏ်ပြုထိုက်သူများကို ဂုဏ်ပြုကန်တော့ခြင်းများကို ကျင်းပပြုလုပ်ကြသည်။

အခြား လူမှုရေးအဖွဲ့အစည်းများကလည်း ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ ဆေးဝါးများလှူဒါန်းခြင်း၊ အာဟာရများကျွေးမွေးခြင်း၊ ငွေကြေးထောက်ပံ့ခြင်းများကို ဆောင်ရွက်ပေးကြသည်။

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့

၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ(၁)ရက်နေ့

INTERNATIONAL DAY OF OLDER PERSONS

1st OCTOBER 2004

"သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့"

" TOWARDS A SOCIETY FOR ALL AGES"

မြန်မာလူနေမှုစနစ်တွင် အသက်အရွယ်ကြီးသောသူများကို လက်ပွန်းတတီး ချစ်ချစ်ခင်ခင်နှင့် ပြုစုစောင့်ရှောက်ပေးခြင်းသည် အခြားနိုင်ငံ လူနေမှုစနစ်များထက် သာလွန်ပေသည်။ ယခုအခါ ကမ္ဘာကပင် အပြည်ပြည်ဆိုင်ရာ သက်ကြီး ရွယ်အိုများနေ့ဟု သတ်မှတ်ကျင်းပလာရာ မြန်မာတို့၏ လူနေမှုစနစ်နှင့် နီးစပ်ညီညွတ်လာသဖြင့် ဝမ်းမြောက်ဂုဏ်ယူဖွယ်ဖြစ်ပေသည်။

ထို့ကြောင့် ကမ္ဘာပေါ်ရှိသက်ကြီးရွယ်အိုများ မိမိ၏ကျန်ရှိနေသော ဘဝခရီးကို ငြိမ်းငြိမ်းချမ်းချမ်းနှင့် ဖြတ်သန်းနိုင်ကြစေရန် သက်ဆိုင်ရာ လူမှုအဖွဲ့အစည်းများနှင့် လူငယ်လူရွယ်တို့က ဝိုင်းဝန်းဖြည့်ဆည်းပါဝင်ဆောင်ရွက်သွားကြရမည်ဖြစ်ပေသည်။ ။

● ကျောဖုံးမှ

ငွေစက္ကူ၏ တန်ဖိုးကို ဂဏန်းဖြင့် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာ၊ အင်္ဂလိပ်နှစ် ဘာသာဖြင့် ရိုက်နှိပ်ထားပါသည်။ လက်ယာဘက်ပိုင်းတွင် ခြင်္သေ့ဦးခေါင်းပုံ ရေစာပါရှိပါသည်။ ငွေစက္ကူတွင် လုံခြုံရေးကြိုးတစ်ချောင်းကို ဒေါင်လိုက် ထည့်သွင်းထားပါသည်။

**ကျောဘက်** ။ ။ ထိပ်ပိုင်းတွင် "CENTRAL BANK OF MYANMAR" စာတန်းကို ရိုက်နှိပ်ထားပါသည်။ အောက်ခြေတွင် "FIVE HUNDRED KYATS" စာတန်းကို ရိုက်နှိပ်ထားပါသည်။ အလယ်ပိုင်းတွင် မဟာဗန္ဓုလ ကြေးသွန်းရုပ် ပြုလုပ်နေသည့် မြန်မာ့ရိုးရာ ကြေးသွန်းလုပ်ငန်းပုံကို ဘေးတစ်ဖက် တစ်ချက်တွင် မြန်မာ့ရိုးရာ ကနုတ်ပန်းခက်ပုံများနှင့်အတူ ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူ၏ တန်ဖိုးကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။

**၃။ နှစ်ရာကျပ်တန်ငွေစက္ကူ**

**အရွယ်အစား** ။ ။ ၁၅ x ၇ စင်တီမီတာ

**ပေါ်လွင်သောအရောင်** ။ ။ အပြာရောင်

**မျက်နှာစာဘက်** ။ ။ ထိပ်ပိုင်းတွင် "မြန်မာနိုင်ငံတော်ဗဟိုဘဏ်" စာတန်းရိုက်နှိပ်ထားပါသည်။ အလယ်ပိုင်းတွင် မြန်မာ့အနုပညာ လက်ရာမြောက် ကေသရာဇာခြင်္သေ့မင်းပုံနှင့် ငွေစက္ကူတန်ဖိုးဖော်ပြသည့် မြန်မာစာတန်း "နှစ်ရာကျပ်" တို့ကို ရိုက်နှိပ်ထားပါသည်။ လက်ယာဘက်ပိုင်းတွင် သပြေနှစ်ခက်ဝန်းရံထားသော ကြယ်တစ်ပွင့်ပုံကို ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင် ငွေစက္ကူ၏ တန်ဖိုးကို ဂဏန်းဖြင့် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာ၊ အင်္ဂလိပ်နှစ် ဘာသာဖြင့် ရိုက်နှိပ်ထားပါသည်။ လက်ဝဲဘက်ပိုင်းတွင် ခြင်္သေ့ဦးခေါင်းပုံ ရေစာပါရှိပါသည်။ ငွေစက္ကူတွင် လုံခြုံရေးကြိုးတစ်ချောင်းကို ဒေါင်လိုက် ထည့်သွင်း ထားပါသည်။

**ကျောဘက်** ။ ။ ထိပ်ပိုင်းတွင် "CENTRAL BANK OF MYANMAR" စာတန်းကို ရိုက်နှိပ်ထားပါသည်။ အောက်ခြေတွင် "TWO HUNDRED KYATS" စာတန်းကို ရိုက်နှိပ်ထားပါသည်။အလယ်ပိုင်းတွင် လုပ်ငန်းဝင် သစ်ဆွဲနေသော ဆင်ပုံနှင့် ဘယ်ဘက်တွင် ကြယ်တစ်ပွင့်ပုံကို ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့်နှင့် အလယ်တွင် ငွေစက္ကူ၏တန်ဖိုးကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။

**(သတင်းစဉ်)**

## ဖွံ့ဖြိုးဝေစည်မြန်မာပြည် ဓာတ်ပုံပြိုင်ပွဲပါဝင်ယှဉ်ပြိုင်နိုင်

**ရန်ကုန် စက်တင်ဘာ ၃၀**

အမျိုးသားရေးဆောင်ပုဒ် စာပေနှင့် ဓာတ်ပုံပြိုင်ပွဲကျင်းပရေး ကော်မတီက ရောင်စုံဓာတ်ပုံပြိုင်ပွဲကို ၂၀၀၄ ခုနှစ်အတွက် (၁၅)ကြိမ်မြောက် ကျင်းပ ပေးမည်ဖြစ်ကြောင်းထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။

ရောင်စုံဓာတ်ပုံပြိုင်ပွဲအတွက် သတ်မှတ်ထားသော ခေါင်းစဉ်မှာ **"ဖွံ့ဖြိုးဝေစည် မြန်မာပြည်"** ဖြစ်သည်။ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်လိုသူများ သည် ၁၀ x ၁၂ လက်မထက်မငယ်သော အရွယ်အစား Print ပုံ လေးပုံအထိ ပါဝင် ယှဉ်ပြိုင်နိုင်သည်။

### ပူးတွဲပေးပို့

ပြိုင်ပွဲဝင်ဓာတ်ပုံများကို မိမိကိုယ်တိုင်ရိုက်ကူးကြောင်း၊ ထိုဓာတ်ပုံသည် ပြည်တွင်း၊ ပြည်ပဓာတ်ပုံပြိုင်ပွဲများတွင် ဆုရရှိခဲ့ဖူးခြင်းမရှိကြောင်း ဝန်ခံချက်၊ ဓာတ်ပုံနှင့်စပ်လျဉ်းသည့် အကြောင်းအရာ(Caption) အပြည့်အစုံ ပါရှိရမည်။ ဓာတ်ပုံများပေးပို့သည့်အခါ ပြိုင်ပွဲဝင်သူ၏ ပတ်စ်ပို့ဓာတ်ပုံနှစ်ပုံနှင့် ကိုယ်ရေးအကျဉ်းချုပ်တို့ကို ပူးတွဲပေးပို့ရမည်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို ဦးထွန်းမင်း ညွှန်ကြားရေးမှူး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ၂၂-၂၄၊ ပန်းဆိုးတန်းလမ်း ရန်ကုန်မြို့သို့ အောက်တိုဘာ ၁၅ရက်နောက်ဆုံးထား၍ပေးပို့ရမည်။ ပြိုင်ပွဲတွင် ဆုရရှိသော ဓာတ်ပုံပညာရှင်များ၏အမည်ကို ၂၀၀၄ ခုနှစ် နိုဝင်ဘာလဆန်းတွင် ထုတ်ပြန်ကြေညာမည်ဖြစ်သည်။ ဆုရရှိသူများအားအခမ်းအနားဖြင့် ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဒုတိယဝန်ကြီးဦးသိန်းစိန် နိုင်ငံတော်၏မူဝါဒများ မွန်မြတ်မှန်ကန်ပုံဟောပြောပို့ချ

**ရန်ကုန် စက်တင်ဘာ ၃၀**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့ နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအထိ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်နှင့် ဗဟန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လေးသင်း စုပေါင်းဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်း အမှတ်စဉ်(၁၇)မှ သင်တန်းသား သင်တန်းသူ ၁၀၀ အား နိုင်ငံတော်၏မူဝါဒများ မွန်မြတ်မှန်ကန်ပုံ၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်စတင်အောင်မြင်မှုများရပုံ၊ ပြည်ထောင်စုတစ်ဝန်း၌ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများ အားရစဖွယ်ဖြစ်ပေါ်နေပုံတို့နှင့် စပ်လျဉ်း၍ ဟောပြောပို့ချသည်။ **(သတင်းစဉ်)**



# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ မြေစိုက်ပိုစတာများစိုက်ထူ

**ရန်ကုန် စက်တင်ဘာ ၃၀**

မိမိနိုင်ငံသူ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး ဇာတိမာန် ထက်မြက်မြင့်မားရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာ စစ်စစ် ဆက်လက်ထွန်းကားပြန့်ပွားရေး၊ မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး၊ လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ထွန်းရေး၊ တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေးဟူသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပမည့် ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ မြေစိုက်ပိုစတာများစိုက်ထူပွဲကို စက်တင်ဘာ ၂၅ ရက်မှစတင်၍ ရန်ကုန်မြို့ရှိ သတ်မှတ်နေရာ အသီးသီး၌ စိုက်ထူလျက်ရှိရာ စက်တင်ဘာ ၂၅ ရက်တွင် ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဓာတ်ရုံရှေ့တွင် လည်းကောင်း၊ ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ကမ္ဘောဇဓာတ်ရုံရှေ့တွင် လည်းကောင်း၊ ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်ရှေ့တွင် လည်းကောင်း**(အပေါ်ပုံ)**၊ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်အဝင်ဝရှေ့တွင် လည်းကောင်း၊ စက်တင်ဘာ ၂၈ ရက်တွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာဓာတ်ရုံရှေ့တွင် လည်းကောင်း၊ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ရန်ကုန်ဘူတာကြီးရှေ့တွင် လည်းကောင်း အသီးသီး စိုက်ထူကြသည်။ **(သတင်းစဉ်)**

# သန်လျင်ဆုထူးပန် တရားစခန်းဖွင့်မည်

**ရန်ကုန် စက်တင်ဘာ ၃၀**

ဆုထူးပန် ကျောင်းတိုက်များ၏ ပဓာနနာယက ဘဒ္ဒန္တသလ္လာအရှင်ပဏ္ဍိတအား ဦးဆောင်ပဓာနပြု၍ သာသနဓဇဓမ္မာစရိယ၊ ဥဘတောဝိဘင်္ဂရေ၊ ဝိနယဝိဒူ၊ မဟာစည်နယ်လှည့်ဓမ္မကထိက၊ အစိုးရကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တအရှင်ကဝိန္ဒ(ရဝေစိုး)နှင့်တပည့်ယောဂီဒါယကာဒါယိကာမတို့က သန်လျင်မြို့ အောင်ချမ်းသာ(၃)ရပ်ကွက် ဆုထူးပန် ဓမ္မရိပ်သာကျောင်းတိုက် အတုလဂုဏ်ရည်သိမ်ကျောင်း ဓမ္မာရုံအပေါ်ထပ်၌ သီတင်းကျွတ် သတိပဋ္ဌာန်အထူးတရားစခန်းကို အောက်တိုဘာ ၂၂ ရက်မှ ၂၈ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်သည်။ တရားစခန်းဝင်လိုသော ယောဂီများနှင့်ဆွမ်း၊ ကွမ်း လှူဒါန်းလိုသော ပုဂ္ဂိုလ်များသည် ဖုန်း–၀၁–၅၄၅၉၈၀ သို့ ကြိုတင်ဆက်သွယ်နိုင်ကြောင်းသိရသည်။ **(က–ပ)**

# မျက်စိဆရာဝန် ညီလာခံကျင်းပမည်

ရန်ကုန် စက်တင်ဘာ ၃၀

**မြန်မာနိုင်ငံ ဆရာဝန်အသင်း မျက်စိဆရာဝန်အဖွဲ့က ကြီးမှူးကျင်းပမည့် (၁၆)ကြိမ်မြောက် မျက်စိဆရာဝန် ညီလာခံကို ရန်ကုန်မြို့ သိမ်ဖြူလမ်း မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ၌ ၂၀၀၄ ခုနှစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အဆိုပါညီလာခံတွင် စာတမ်းများ တင်သွင်းဖတ်ကြားလိုသူ ဆရာဝန်များသည် အောက်တိုဘာ ၁၀ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး၊ မျက်စိဆရာဝန်ညီလာခံ ဖြစ်မြောက်ရေးကော်မတီ မျက်စိဆေးရုံကြီး ရန်ကုန်သို့ လိပ်မူ၍ မိမိဖတ်ကြားမည့် စာတမ်းခေါင်းစဉ်နှင့် အကျဉ်းကို ပေးပို့နိုင်ကြောင်း နှိုးဆော်ထားသည်။**

**ထို့အပြင် ညီလာခံ အကြိုနေ့ဖြစ်သည့် နိုဝင်ဘာ ၁၀ရက်တွင် Phaco မျက်စိအတွင်းတိမ် ခွဲစိတ်ကုသမှု လက်တွေ့အထူးသင်တန်းကိုလည်း ပို့ချပေး မည်ဖြစ်ရာ တက်ရောက်လိုသူ ဆရာ ဝန်များသည် ရန်ကုန်မြို့သို့ ကြိုတင်လာရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)




# ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးပြိုင်ပွဲ ဆုရသူများစာရင်းကြေညာ

ရန်ကုန် စက်တင်ဘာ ၃၀

**၂၀၀၄ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပရေးဦးစီးကော်မတီ ပြပွဲပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်အရ ဆရာ့ဂုဏ်ရည်ခေါင်းစဉ်ဖြင့် စာစီစာကုံး၊ အာစရိယဆရာခေါင်းစဉ်ဖြင့် ကဗျာပြိုင်ပွဲကျင်းပခဲ့ရာ အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများ၊ ပညာရေးတက္ကသိုလ်နှင့် ပညာရေးကောလိပ်လုပ်ငန်းခွင် အကြိုဆရာအတတ်သင်တန်းများမှ သင်တန်းသား သင်တန်းသူများ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။**

### ပေးပို့ယှဉ်ပြိုင်

အလားတူပင် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်၊ သိပ္ပံများမှ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်း၊ ရုံးများမှ ဆရာ ဆရာမများအတွက် မြတ်ဆရာ၏ကျင့်ဝတ်သိက္ခာခေါင်းစဉ်ဖြင့် ဖိတ်ခေါ်ဆောင်းပါးပြိုင်ပွဲကို စီစဉ်ပေးခဲ့ရာ ဆောင်းပါးစာမူများ ရေးသားပေးပို့ယှဉ်ပြိုင်ခဲ့ကြသည်။

အဆိုပါ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးစာမူများကို ပြိုင်ပွဲဝင်စာမူများ စိစစ်အကဲဖြတ်ပြီး စာမူဆုရသူများ စာရင်းကို သက်ဆိုင်ရာလုပ်ငန်းကော်မတီက ယမန်နေ့တွင်ထုတ်ပြန်ကြေညာသည်။

### စာစီစာကုံးဆု

အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးစာမူဆုရ ကျောင်းသား ကျောင်းသူများမှာ ပထမဆု မောင်ပြည့်ထွေးနိုင် နဝမတန်း အခြေခံပညာအထက်တန်းကျောင်း ချောင်းဆုံမြို့နယ် မွန်ပြည်နယ်၊ ဒုတိယဆု မနုထက်ထက်လွင် အဋ္ဌမတန်း အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း စစ်တွေမြို့ ရခိုင်ပြည်နယ်၊ တတိယဆု မောင်အောင်ကိုလတ် ဒသမတန်း အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း မြစ်ကြီးနားမြို့ ကချင်ပြည်နယ်တို့ဖြစ်သည်။

အခြေခံပညာအလယ်တန်းအဆင့် စာစီစာကုံးစာမူဆုရ ကျောင်းသား ကျောင်းသူများမှာ ပထမဆု မနုယဉ်မင်း ဆဋ္ဌမတန်း အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်း ပြည်မြို့ ပဲခူးတိုင်း(အနောက်ပိုင်း)၊ ဒုတိယဆု မဖွန်ဦးလှိုင် သတ္တမတန်း အခြေခံပညာအလယ်တန်းကျောင်း ညောင်လေးပင်မြို့နယ် ပဲခူးတိုင်း၊ တတိယဆု မစောမြစန္ဒီ ဆဋ္ဌမတန်း အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း စစ်တွေမြို့ ရခိုင်ပြည်နယ်တို့ဖြစ်သည်။

ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့် စာစီစာကုံးဆုရ သင်တန်းသား သင်တန်းသူများမှာ ပထမဆု မအိမိုဇာမြင့် ဒုတိယနှစ် ပုသိမ်ပညာရေးကောလိပ်၊ ဒုတိယဆု မအေးသန္တာနိုင် ဒုတိယနှစ် တောင်ကြီးပညာရေးကောလိပ်၊ တတိယဆု မအေးမြသန္တာ ဒုတိယနှစ် ရန်ကင်းပညာရေးကောလိပ်တို့ ဖြစ်ကြသည်။

### ကဗျာဆု

အခြေခံပညာအထက်တန်းအဆင့် ကဗျာစာမူဆုရ ကျောင်းသား ကျောင်းသူများမှာ ပထမဆု မနှင်းဝတ်ဆံ အဋ္ဌမတန်း အခြေခံပညာအထက်တန်းကျောင်းခွဲ ပိန္နဲတိုက်ရွာ မုဒုံမြို့နယ် မွန်ပြည်နယ်၊ ဒုတိယဆု မယုမွန်ကျော် နဝမတန်း အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အမ်းမြို့ ရခိုင်ပြည်နယ်၊ တတိယဆု မသက်ဝေအိ အဋ္ဌမတန်း အခြေခံပညာအလယ်တန်းကျောင်း မြို့မ ရေကြည်မြို့နယ် ဧရာဝတီတိုင်းတို့ ဖြစ်သည်။

အခြေခံပညာအလယ်တန်းအဆင့် ကဗျာစာမူဆုရ ကျောင်းသား ကျောင်းသူများမှာ ပထမဆု မောင်ထက်အောင်လင်း ဆဋ္ဌမတန်း အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း မြစ်ကြီးနားမြို့ ကချင်ပြည်နယ်၊ ဒုတိယဆု မအိမွန်ကျော် ဆဋ္ဌမတန်း အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း ပဲခူးမြို့ ပဲခူးတိုင်း၊ တတိယဆု မောင်ကောင်းမြတ်ဟန် သတ္တမတန်း အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း လွိုင်ကော်မြို့ ကယားပြည်နယ်တို့ ဖြစ်သည်။

ပညာရေးတက္ကသိုလ် ပညာရေးကောလိပ်အဆင့် ကဗျာစာမူဆုရ သင်တန်းသား သင်တန်းသူများမှာ ပထမဆု မနှင်းသီရိအောင် ဒုတိယနှစ် တောင်ငူပညာရေးကောလိပ်၊ ဒုတိယဆု မောင်ထင်အောင် ဒုတိယနှစ် ပုသိမ်ပညာရေးကောလိပ်၊ တတိယဆု မနွယ်နီလှိုင် ဒုတိယနှစ် ရန်ကင်းပညာရေးကောလိပ်တို့ ဖြစ်သည်။

### ဆောင်းပါးဆု

အခြေခံပညာ(အထက်တန်း)အဆင့် ဆောင်းပါးစာမူဆုရ ဆရာ ဆရာမများမှာ ပထမဆု ဒေါ်အေးအေးမြင့် အထက်တန်းပြ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယဆု ဒေါ်မြင့်မြင့်သန်း အထက်တန်းပြ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဒဂုံဆိပ်ကမ်းမြို့နယ် ရန်ကုန်တိုင်း၊ တတိယဆု ဒေါ်သန်းထွေး အထက်တန်းပြ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်းတို့ ဖြစ်သည်။

အခြေခံပညာ(အလယ်တန်း)အဆင့် ဆောင်းပါးစာမူဆုရ ဆရာ ဆရာမများမှာ ပထမဆု ဦးရွှေတင် အလယ်တန်းပြ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း သထုံမြို့ မွန်ပြည်နယ်၊ ဒုတိယဆု ဒေါ်မိုးဝါ အလယ်တန်းပြ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်း လှိုင်မြို့နယ် ရန်ကုန်တိုင်း၊ တတိယဆု ဒေါ်သူဇာတင် အလယ်တန်းပြ အခြေခံပညာအထက်တန်းကျောင်း မြစ်သားမြို့နယ် မန္တလေးတိုင်းတို့ ဖြစ်သည်။

အခြေခံပညာ(မူလတန်း)အဆင့် ဆောင်းပါးစာမူဆုရ ဆရာ ဆရာမများမှာ ပထမဆု ဒေါ်တင်မိုးမိုးခိုင်၊ မူလတန်းပြ အမှတ်(၄၈) အခြေခံပညာမူလတန်းလွန်ကျောင်း ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာပမြို့နယ် ရန်ကုန်တိုင်း၊ ဒုတိယဆု ဒေါ်ထက်ထက်သူ မူလတန်းပြ အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ချမ်းအေးသာစံမြို့နယ် မန္တလေးတိုင်း၊ တတိယဆု ဒေါ်ကေသီစိုးသိမ်း မူလတန်းကျောင်းအုပ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း ကမာရွတ်မြို့နယ် ရန်ကုန်တိုင်းတို့ ဖြစ်သည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံအဆင့် ဆောင်းပါးစာမူဆုရ ဆရာ ဆရာမများမှာ ပထမဆု ဦးသန်းဝင်း လက်ထောက်ကထိက(မြန်မာစာဌာန) မြိတ်တက္ကသိုလ်၊ ဒုတိယဆု ဒေါ်ချိုချိုတင့် တွဲဖက်ပါမောက္ခ(မြန်မာစာဌာန) မအူပင်တက္ကသိုလ်၊ တတိယဆု ဒေါ်မြင့်မြင့်စန်း နည်းပြပညာရေးသဘောတရားဌာန ရန်ကုန်ပညာရေးတက္ကသိုလ်တို့ ဖြစ်ကြသည်။

### လူကိုယ်တိုင်သတင်းပို့

ဆုရရှိသူများသည် ၂၀၀၄ခုနှစ် အောက်တိုဘာ ၁ရက်တွင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန အမှတ်(၁၂၃) နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ လူကိုယ်တိုင် လာရောက်သတင်းပို့ကြရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## လက်ခံ

**ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)က ကြီးမှူး၍ ဒီဇင်ဘာလ၌ ဒသမအကြိမ် ညောင်ဦးမြို့ ရွှေစည်းခုံ ဘုရားကြီး ရင်ပြင်တော်ပေါ်၌ ကျင်းပမည့် ဆွမ်း၊ ဆီမီး၊ ရေချမ်း၊ နံ့သာ၊ သကြားလုံး၊ မုန့်ဆီကြော်၊ မုန့်လုံးရေပေါ် ၉၉၀၀စီ ကပ်လှူ ပူဇော်ပွဲနှင့် ဆီမီး၉၉၀၀ ကပ်လှူရန် ကျပ် ၁၆၂၀၀၀နှင့် သံဃာတော်များ အရုဏ်ဆွမ်း ဆက်ကပ်ရန် ကျပ် ၇၂၀၀၀ စုစုပေါင်း အလှူငွေ ကျပ်၂၃၄၀၀၀ကို အင်းစိန်ဈေးကြီး ရှေ့နေ ဦးအောင်ဝင်း-ဒေါ်ခင်ပြုံးဝင်း မိသားစုက စက်တင်ဘာ၁၉ရက်တွင် အဖွဲ့ရုံးခန်း၌ ပေးအပ်လှူဒါန်းရာ အဖွဲ့နာယက ဦးအေးသိန်း၊ ဦးစိုးဝင်း (စဥ့်ကူ-စိုးဝင်း)၊ ဥက္ကဋ္ဌ ဦးဘိုကြည်နှင့် အမှုဆောင်များက လက်ခံယူစဉ်။** (က-ပ)

## ဒုတိယရဲအုပ်လောင်း သင်တန်းဆင်းပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၃၀**

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးဌာန ဒုတိယရဲအုပ်လောင်းသင်တန်းအမှတ်စဉ် (၄၉/၂၀၀၃) ဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ရက် နံနက် ၇နာရီက ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဗဟိုလေ့ကျင့်ရေးဌာန စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီ တက်ရောက်၍ သင်တန်းဆင်း အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် ရဲချုပ်က ဒုတိယရဲအုပ်လောင်း တပ်ခွဲများ၏ အလေးပြုခြင်းကိုခံယူ၍ အကောင်းဆုံးကျောင်းသားဆု၊ ဥပဒေထူးချွန်ဆုရ ကျောင်းသား အမှတ် (၁၆၀) ဒုတိယရဲအုပ်လောင်း ကျော်ဇင်ဝင်း၊ စစ်ပညာထူးချွန် ဆုရကျောင်းသား အမှတ် (၁၈၆) ဒုတိယရဲအုပ်လောင်း မောင်မျိုး၊ သေနတ်ပစ် ထူးချွန်ဆုရ ကျောင်းသား အမှတ်(၁၈၇) ဒုတိယရဲအုပ်လောင်း အောင်ကျော်မိုးတို့အား ဆုများချီးမြှင့်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀၅ ဦး တက်ရောက်သည်။

**(သတင်းစဉ်)**

## မိတ္ထီလာမိုးကုတ်ဝိပဿနာမြရိပ်သာ ဝါတွင်းတရားစခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၃၀**

မန္တလေးတိုင်း မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေ ကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာမြရိပ်သာ အဖွဲ့ခွဲအမှတ်(၁၂၉)၏ ဝါတွင်း တရားစခန်းပွဲကို သီတင်းကျွတ်လဆန်း ၁ ရက်မှ ၇ ရက်(အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်)အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကို ရိပ်သာ ပဓာနနာယက ကျောင်းသစ်ကျောင်း မိတ္ထီလာ ဆရာတော်ဘဒ္ဒန္တပညာစာရ (ကမ္မဋ္ဌာနစရိယ)က ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါးတရားတော်များကိုဟောကြားမည်ဖြစ်ရာ ဖုန်း ၀၆၄-၂၂၁၆၅ သို့ ကြိုတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**



## GMS-BF ဥက္ကဋ္ဌ ဦးဝင်းအောင်အား JCCY ဥက္ကဋ္ဌနှင့်အဖွဲ့ တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၃၀**

Greater Mekong Subreging Business Forum (GMS-BF)ဥက္ကဋ္ဌ ဦးဝင်းအောင်၊ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်တို့အား စက်တင်ဘာ ၂၅ရက် နံနက်ပိုင်းတွင် Japanese Chamber of Commerce and Industry, Yangon (JCCY)ဥက္ကဋ္ဌ Mr. Kiyoyoshi Katagiriနှင့် Itochu Corporation က Mr. Hajime Tamanyu. General Manager တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ရုံးသို့ လာရောက်တွေ့ဆုံပြီးနောက် Japanese Chamber of Commerce and Industry, Bangkok မှ ကိုယ်စားလှယ်အဖွဲ့လာရောက်၍ လေ့လာကြည့်ရှုမည့်ကိစ္စ East-West Economic Corridorနှင့် စပ်လျဉ်းသည့် ကိစ္စများအတွက် ညှိနှိုင်းဆွေးနွေးရန်ကိစ္စတို့ကို ရင်းနှီးစွာ ဆွေးနွေးကြသည်။

**(အပေါ်ပုံ) (သတင်းစဉ်)**



**မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန် အသင်းနှင့် သဃ်န်းကျွန်း မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ပူးပေါင်း၍ သွား/ခံတွင်း ကျန်းမာရေး ပညာပေးဟောပြောပွဲ အခမ်းအနားကို စက်တင်ဘာ ၁၈ရက်က မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းရုံး၌ ကျင်းပရာ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ရွှေကူနန်းနွဲ့နွဲ့က အဖွင့်အမှာစကား ပြောကြားစဉ်။** (၀၅၂)

# ဆုံစည်းစေဇာတ်ကား ဆက်လက်ပြသ ရင်ခုန်သံအရင်းနှီးဆုံးဇာတ်ကား ရုံဝင်လာမည်

ရန်ကုန် စက်တင်ဘာ ၃၀

**ဒါရိုက်တာ ဝင်းထွန်းထွန်း၏ 'ဆုံစည်းစေ' ဇာတ်ကား သမ္မတနှင့် သွင်ရုံတွင် ဆက်လက်ပြသနေသည်။ 'ဆုံစည်းစေ' တွင် ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ မင်းဟိုန်း၊ ဖြိုးငွေစိုးတို့ ခေါင်းဆောင်ပါဝင်ထားသည်။**

**ပင်လယ်မင်းသား**

ရှေ့ဆောင်ရုံတွင် မောင်မျိုးမင်း (ရင်တွင်းဖြစ်)၏ **'ပင်လယ်မင်းသား'** ဇာတ်ကား ဆက်လက်ပြသလျက်ရှိသည်။ **'ပင်လယ်မင်းသား'**တွင် လွင်မိုး၊ ရာဇာနေဝင်း၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်နှင့် ဆုပန်ထွာတို့ ခေါင်းဆောင်ပါဝင်ထားသည်။

**The Last Samurai**

မင်္ဂလာရုံတွင် မေဂျီခေတ် ဆာမူရိုင်းတို့၏ဘဝကို သရုပ်ဖော်ထားသော The last Samurai ဇာတ်ကား ပြန်လည်ပြသနေသည်။ နေပြည်တော်ရုံတွင် 1.Robot ဇာတ်ကားပြသနေပြီး ရွှေဂုန်ရုံတွင် No Escape စွန့်စားခန်း အက်ရှင် ဇာတ်ကားပြသလျက်ရှိသည်။



**ရုံဝင်လာမည့် 'ရင်ခုန်သံအရင်းနှီးဆုံး' ဇာတ်ကားမှ ဒွေး၊ အိန္ဒြာကျော်ဇင်။**

## ချုပ်ရှင်သတင်းထောက်

မြို့မရုံတွင် အကယ်ဒမီခုနစ်ဆုရ အိန္ဒိယဇာတ်ကား Dil to Pagal Hai ရုံဝင်လာသည်။

ယင်းဇာတ်ကားမှာ စူပါမင်းသား ရှာရွတ်ခန်း၊ မင်းသမီး ချော ကရစ္စမားကာပူးရ်နှင့် မာဒူရီးဒီးစ်တို့၏ သုံးပွင့်ဆိုင်အချစ် ဇာတ်လမ်းကို ဖော်ကျူးထားသည်။

**ပြည်ကြီးမဏ္ဍိုင် မြကြီး ရုံဝင်**

ကျော်သူ၊ ဇာဂနာ၊ အရိုင်း၊ ဇော်ဦး၊ ခင်မောင်ချင်း၊ ခိုင်နှင်းဝေ၊ ပွင့်နဒီမောင်၊ ဒေါ်စမ်းစမ်းဝင်းတို့ ခေါင်းဆောင်ပါဝင်ထားသည့် **'ပြည်ကြီး မဏ္ဍိုင်မြကြီး'** ပြသပြီး ဒီဗီဒီဇာတ်ကား စံပြ၊ ရွှေမန်း၊ သီတာ၊ မြရတနာရုံများတွင် ရုံဝင်လာသည်။ ။ **(မြန်မာ့အလင်း)**



**ဆုံစည်းစေဇာတ်ကားမှ ရာဇာနေဝင်း၊ ထွန်းအိန္ဒြာဗို။**



**The Last Samurai ဇာတ်ကားမှ ဇာတ်ဝင်ခန်းတစ်ခန်း။**

## ရင်ခုန်သံအရင်းနှီးဆုံး ရုံတင်မည်

**သူရိန်၊ ပြေသိမ်း၊ ယုယုမော်ဆိုသော လူငယ်သုံးဦး၏ သုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းဖြစ်သည်။**

**ပြေသိမ်းကြိုက်နှစ်သက်၍ ခိုးပြေးသောယုယုမော်မှာ သူရိန့်တိတ်တခိုး စွဲလမ်းနေသောမိန်းကလေးဖြစ်ကြောင်း သိရလိုက်ရသော သူရိန်မှာ ရင်ခုန်သံအရင်းနှီးဆုံးဖြစ်ပါလျက် ပေးဆပ်လိုက်ရသော အချစ်အတွက် ယူကျုံးမရ တစ်ကိုယ်တည်းအထီးကျန်ဖြစ်ရသော ဇာတ်လမ်းဖြစ်သည်။ တွေ့ဆုံကြုံကွဲသမားရိုးကျ အချစ်ဇာတ်လမ်းမျိုးမှ ခွဲထွက်ကာ မချင့်မရဲလွဲရ ခွဲခွာရသော လွမ်းဆွတ်ကြေကွဲဖွယ် ဇာတ်လမ်းဆင် ရိုက်ကူးထားသည့်ဇာတ်ကား ဖြစ်သည်။**

**အောက်တိုဘာပထမပတ်တွင်ရုံဝင်လာမည့် ယင်းဇာတ်ကားတွင် ဒွေး၊ အိန္ဒြာကျော်ဇင်၊ ဖြိုးငွေစိုး၊ အေးဝတ်ရည်သောင်းတို့ခေါင်းဆောင်ပါဝင်ထားသည်။ မောင်မြတ်ဆွေ၏ ဇာတ်ညွှန်းကို ဒါရိုက်တာ နောင်ထွန်းလွင်၊ ညီညီထွန်းလွင်တို့ ရိုက်ကူးတင်ဆက်ထားသည်။** ။ (မြန်မာ့အလင်း)

# ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၃၀

**၂၀၀၄ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ လှိုင်မိုးလုံလေလုံ အားကစားရုံ၌ ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက် အားပေးကြည့်ရှုသည်။**

အခမ်းအနားသို့ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝေလွင်နှင့်ဇနီး၊ စစ်ဒေသမှူးများနှင့် ၎င်းတို့၏ဇနီးများ၊ တပ်နယ်မှူးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှု အောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်ရှိ တပ်ရင်း၊ တပ်ဖွဲ့ များမှ အရာရှိ၊ အရာခံ၊အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစု ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမား များ၊ အမှတ်ပေးဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက် ကြသည်။

## ဆုများပေးအပ်

ရှေးဦးစွာ တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေနှင့် ဧည့်ပရိသတ်များသည် ဗိုလ်လုပွဲ လူသစ်တန်း(ဂ)အဆင့်၊ (ခ)အဆင့်နှင့် (က)အဆင့် ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေး ကြပြီး တာဝန်ရှိသူများက ပွဲစဉ် အလိုက် ပထမဆုနှင့် ဒုတိယဆုရရှိ သည့် အားကစားသမားများအား တစ်ဦးချင်းဆုများပေးအပ်ကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု လက်ဝှေ့ အားကစား အထောက်အကူပြု ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးဝင်းနောင်က မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ ဒိုင်လူကြီးများအား အမှတ်တရလက် ဆောင်များပေးအပ်သည်။

## ဂုဏ်ပြုဆု

ယင်းနောက် တပ်မတော်ကိုယ်ခံ ပညာနှင့် အားကစားသိပ္ပံကျောင်း အုပ်ကြီး ဗိုလ်မှူးကြီးထိန်လင်းက လူသစ်တန်းအကောင်းဆုံးဆုရရှိသည့် ဇော်မင်းဦး(အင်းတိုင်တပ်နယ်)အား လည်းကောင်း၊ မင်္ဂလာဒုံတပ်နယ်မှ ဗိုလ်မှူးချုပ်အောင်ခင်စိုးက(ဂ)အဆင့် အကောင်းဆုံး လက်ဝှေ့သမားဆုရရှိ သည့် မြင့်လှိုင်(တပ်မတော်ကိုယ်ခံ ပညာနှင့်အားကစားသိပ္ပံ)အား လည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ကြ သည်။

## ဒိုင်းဆုများပေးအပ်

ဆက်လက်၍ ၂၀၀၄ခုနှစ် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း လူသစ်တန်း တံခွန်စိုက်ဒိုင်းဆုနှင့် (ဂ)အဆင့် တံခွန်စိုက်ဒိုင်းဆုများ ရရှိသည့် တပ်မတော်ကိုယ်ခံပညာနှင့် အားကစားသိပ္ပံ့အား မင်္ဂလာဒုံ တပ်နယ်မှူးဗိုလ်မှူးချုပ်မင်းသိန်းနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူးဗိုလ်မှူးချုပ်ဝေလွင်တို့က တံခွန် စိုက်ဒိုင်းဆုများကို ပေးအပ်ကြသည်။

## တံခွန်စိုက်

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ် မြင့်ဆွေက ၂၀၀၄ခုနှစ် ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဒိုင်းတံခွန် စိုက်လက်ဝှေ့ပြိုင်ပွဲ၌ ပွဲစဉ်များအလိုက် စုစုပေါင်းအမှတ်အများဆုံးဖြင့် ပထမ ဆုရရှိသည့် တပ်မတော် ကိုယ်ခံပညာ နှင့် အားကစားသိပ္ပံအား တံခွန်စိုက် ဒိုင်းဆုကြီးကို ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့ အစည်းအဝေးတက်ရောက်ရန် ဘဏ္ဍာ/အခွန်ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဝါရှင်တန်ဒီစီသို့ထွက်ခွာ

ရန်ကုန် စက်တင်ဘာ ၃၀

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းသည် အမေရိကန်ပြည်ထောင်စုနိုင်ငံ ဝါရှင်တန်ဒီစီတွင် ၂၀၀၄ ခုနှစ် ကမ္ဘာ့ဘဏ်နှင့် ယင်းလက်အောက်ခံအဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့တို့၏ နှစ်ပတ်လည် အစည်းအဝေးသို့ တက်ရောက်ရန် ယမန်နေ့ ည ၇ နာရီ မိနစ် ၅၀တွင် ထိုင်းလေကြောင်းခရီးစဉ်အမှတ် တီဂျီ(၃၀၆)ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားသည်။**(အပေါ်ပုံ)

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ အမှတ်(၂) စက်မှုဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ မိသားစုများက လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

## လိုက်ပါသွား

ယင်းသို့ ထွက်ခွာရာတွင် အဖွဲ့ဝင်အဖြစ် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်မျိုးနွယ်၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာစိန်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မျိုးဝင်းတို့လည်း လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဝန်ကြီးဗိုလ်မှူးချုပ်လွန်းသိ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ် ဆက်သွယ်ပြီးစီးမှုစစ်ဆေး လျှပ်စစ်ဓာတ်အားပေးစက်ရုံများသို့ သဘာဝဓာတ်ငွေ့ပုံမှန်ပြန်လည်ပို့လွှတ်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၃၀**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသိသည် ယမန်နေ့ နံနက်ပိုင်းက ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် ကြည့်မြင်တိုင်ဘူတာရှိ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း ပိုက်လိုင်းဆက်သွယ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိပြီး ရွာမ-အလုံ ၁၀လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းအသစ် အောင်မြင်စွာ ဆက်သွယ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

မူလက အဆိုပါသဘာဝဓာတ်ငွေ့ပိုက်လိုင်းသည် ညောင်တုန်းဒေသမှ ထွက်ရှိနေသော သဘာဝဓာတ်ငွေ့များကို အလုံဓာတ်အားပေးစက်ရုံသို့ ပို့လွှတ်ရန်အတွက် လှိုင်မြစ်ကိုဖြတ်၍ ဆက်သွယ်ထားခြင်းဖြစ်ရာ ယခင်နှစ်များထက် ထူးကဲစွာ မြစ်ရေကြီးခြင်း၊ ရေတိုက်စားမှုပိုမိုပြင်းထန်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များကြောင့် စက်တင်ဘာ ၁၄ ရက်တွင် လှိုင်မြစ်တွင်း၌ ပိုက်လိုင်း ကျိုးပြတ်ခဲ့ရသည်။

ယခုအခါ စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းက ၁၀လက်မ သဘာဝဓာတ်ငွေ့ပိုက်လိုင်းသစ်ကို ကုန်းတွင်းပိုင်းတစ်လျှောက် အသစ်ထပ်မံခင်းကျင်းပြီးစီးသွားပြီဖြစ်သဖြင့် ညောင်တုန်းဒေသမှ တိုးတက်ထွက်ရှိနေသော သဘာဝဓာတ်ငွေ့များကို ၂၀၀၄ခုနှစ် စက်တင်ဘာ ၂၉ရက် ညပိုင်းမှစတင်၍ ဓာတ်အားပေးစက်ရုံများ၊ စက်ရုံ၊ အလုပ်ရုံများသို့ ပုံမှန်ပြန်လည် ပို့လွှတ်နေပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မြန်မာ့ရုပ်မြင်သံကြား

**၁-၁၀-၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၁၅ ၂။ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
၇း၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၄။ နံနက်ခင်းသတင်း
၇း၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
၈း၀၅ ၇။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
၈း၁၅ ၈။ ဂမုန်းရေလှောင်တမံ
၈း၃၀ ၉။ International News
၈း၄၅ ၁၀။ English for Everyday Use
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ Practice in Reading
၁၆း၄၅ ၄။ တေးဂီတအစီအစဉ်
၁၇း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ်(သိပ္ပံအထူးပြုအားလုံး)(ရူပဗေဒ)
၁၇း၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၃၀ ၇။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ်(၁၂ ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး (ပညာရှင်အဆင့်)(အမျိုးသမီး)
၁၇း၄၀ ၈။ နည်းစနစ်မှန်မှန် အားကစားအခြေခံ
၁၇း၅၀ ၉။ ဂီတမဟာ ပျော်စရာ
၁၈း၀၀ ၁၀။ နှောင်းခေတ်တေးပဒေသာ
၁၈း၁၀ ၁၁။ Discovery
၁၈း၂၀ ၁၂။ အပြည်အပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့တေး
၁၈း၃၀ ၁၃။ ညနေခင်းသတင်း
၁၉း၀၀ ၁၄။ မိုးလေဝသအခြေအနေ
၁၉း၀၅ ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **"လူချွန်လူကောင်း"** (အပိုင်း-၁၆)
၁၉း၃၅ ၁၆။ **"မြစ်ကိုမြင်လျှင် တံတားဆင်"**
၂၀း၀၀ ၁၇။ ပြည်တွင်းသတင်း
၁၈။ နိုင်ငံတကာသတင်းများ
၁၉။ မိုးလေဝသအခြေအနေ
၂၀။ **"နာမည်တစ်လုံးနှင့်နေကြသူများ"**(အပိုင်း-၂) လူမင်း၊ ခန့်စည်သူ၊ နန္ဒ၊ နေလင်းဦး၊ နေတိုး၊ တြိကို၊ အိန္ဒြာကျော်ဇင်၊ မိုးပြည့်ပြည့်မောင်၊ ဇင်ဇင်ဇော်မြင့် (ဒါရိုက်တာ-ကျော်ဇောလင်း)
၂၁။ နောက်တစ်နေ့အစီအစဉ်
၂၂။ အစီအစဉ်ပြီး၏။


# စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

* မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုးသုံးစွဲနိုင်သည်။
* သဘာဝဓာတ်ငွေ့ သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။
* ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။
* သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။
* အလုံအလောက် သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမိုမြန်ဆန် သွက်လက်စေသည်။


# စည်ပင်သာယာရေးလုပ်ငန်းများ ဒုတိယဝန်ကြီးစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၃၀**

နယ်စပ်ဒေသနှင့်တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် စက်တင်ဘာ ၂၆ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြဲတိုင်းဆောင်နှင့်အတူ သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော မြို့လယ်လမ်းမကို ထပ်ပိုးလွှာခင်းရန်အတွက် လမ်းပေါက်ဖာထေးနေသော လုပ်ငန်းခွင်သို့ ရောက်ရှိလာပြီး လမ်းပေါက်များ ဖာထေးရာတွင် လမ်းပေါ်ရှိ လှိုင်းတွန့်များကို ချောမွေ့အောင် ပြုပြင်ဖာထေးပြီးမှ ထပ်ပိုးလွှာခင်းရန်နှင့် လမ်းဘေးရေနုတ်မြောင်းပါ တစ်ပါးတည်းပြုပြင်ရန်တို့ကို မှာကြားသည်။

## မှန်ကန်စွာ

ထို့နောက် ဒုတိယဝန်ကြီးသည် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ရုံးသို့ ရောက်ရှိရာ အမှုဆောင်အရာရှိ ဦးကြည်တင်က လက်ရှိ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် လုပ်ငန်းခြောက်ခုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက လုပ်ငန်းများ သပ်သပ်ရပ်ရပ်နှင့် အချိန်မီပြီးစီးရေး၊ အရည်အသွေးကောင်းမွန်ရေး၊ အသုံးစရိတ်များ မှန်ကန်စွာ သုံးစွဲရေးတို့ကို အလေးထား ဆောင်ရွက်ရန် မှာကြားသည်။ **(သတင်းစဉ်)**

## နိုင်ငံသားစိစစ်ရေးကတ် စစ်ကိုင်းမြို့နယ်၌ပေးအပ်

**စစ်ကိုင်း စက်တင်ဘာ ၁၄**

စစ်ကိုင်းမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေး ကတ်ပြား ပေးအပ်ပွဲကို ဩဂုတ် ၂၈ရက်က စစ်ကိုင်းမြို့နယ် တဲကြီး ကျေးရွာအုပ်စု ရုံးခန်း၌ကျင်းပသည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်း လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဦးစီး ဌာနမှူး ဦးလှဒေါင်းက နိုင်ငံသားစိစစ် ရေးကတ်ပြားများကို ကျေးရွာအုပ်စု ဥက္ကဋ္ဌဦးခင်မောင်အေးထံ ပေးအပ်သည်။ **(ခရိုင် ပြန်/ဆက်)**



## နောင်ချိုမြို့နယ် သုံးဆယ်စံပြကျေးရွာ မေတ္တာမွန်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

**နောင်ချို စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နောင်ချိုမြို့နယ် သုံးဆယ်စံပြကျေးရွာတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ကြီးမှူးဖွင့်လှစ်သည့် မေတ္တာမွန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၁၀ရက် နံနက် ၁၀နာရီက သုံးဆယ် စံပြကျေးရွာ အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ကျင်းပ သည်။

အစီအစဉ်အရ မေတ္တာမွန်ကိုယ့် အားကိုယ်ကိုးစာကြည့်တိုက်ကို မြို့နယ် ဥက္ကဋ္ဌ ဦးကိုကိုလွင်၊ မြို့နယ် ပြန်ကြား ရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြီး၊ သုံးဆယ် စံပြကျေးရွာဥက္ကဋ္ဌ ဦးဘသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(ဝဲပုံ)** ဆက်လက်၍ မြို့နယ်ပြန်ကြားရေး နှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ စာကြည့်တိုက်မှူး ဒေါ်အိအိစိုးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်းရည်ရွယ် ချက်များ ရှင်းလင်း ပြောကြားပြီး သုတ၊ ရသစာအုပ်မျိုးစုံ ၅၀ ကို လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်မှူး စာရေးဆရာမ ဒေါ်စောသဉ္ဇာချို (နွယ် သဥ္ဇာဆုး)က လက်ခံရယူသည်။

**(မြို့နယ်ပြန်/ဆက်)**



## အာစရိယပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**ပန်းတနော် စက်တင်ဘာ ၂၂**

ပန်းတနော်မြို့နယ် ရေပေါ်ရေလဲကျေးရွာ (အထက်စု)ဘုန်းတော်ကြီးသင် ပညာရေးကျောင်း သုခိတာရုံညောင်ပင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တပဏ္ဍိစ္စ ဦးဆောင်၍ နှစ်စဉ်ကျင်းပမြဲ ဖြစ်သည့် ပန်းတနော် မြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုခန်းကျောင်းတိုက်ပဓာနနာယကဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာမိအား (၁၉)ကြိမ်မြောက် အာစရိယပူဇော်ကန်တော့ပွဲနှင့် ဘုန်းတော်ကြီးသင်ပညာရေး ကျောင်းသား၊ ကျောင်းသူများ၏ (၁၉)ကြိမ်မြောက် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က အဆိုပါကျောင်း၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်၊မြို့နယ် ဥက္ကဋ္ဌဦးညွန့်တင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း မြို့နယ်အမှုဆောင်များ၊ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းအမှုဆောင်များနှင့်ကျေးရွာဥက္ကဋ္ဌ ဦးအောင်ဝင်းတို့တက်ရောက်ကြပြီး မြို့နယ်ဥက္ကဋ္ဌဦးညွန့်တင်က သာသနာရေးဆိုင်ရာများ လှူ‌ဒါန်းထားသည်။**(အောက်ပုံ)** **(၃၂၇)**

**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

**ငပုတောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မဂ္ဂင်လမ်းမကြီး လမ်းတစ်လျှောက် ပလက်ဖောင်းကပ်တုံးများပြုလုပ်ပြီး မြေယာရှုခင်း အလှပြုပြင်ဆောင်ရွက်မှုကို ဩဂုတ် ၃၁ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ဌေးက ရှင်းလင်းပြသစဉ်။**

(မြို့နယ်စည်ပင်)

## ကျောင်းကုန်းမြို့နယ်၌ ကျေးလက်ကျန်းမာရေးဌာနခွဲဆေးပေးခန်းဖွင့်

**ကျောင်းကုန်း စက်တင်ဘာ ၂၈**

ကျေးလက် ကျန်းမာရေးဌာနခွဲ ဆေးပေးခန်းဖွင့်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၆ရက် နံနက် ၁၀နာရီက ဧရာဝတီတိုင်း ကျောင်းကုန်းမြို့နယ် ရေဂုလုတ်ကျေးရွာရှိ ကျေးလက်ဆေး ပေးခန်းတွင် ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန် ဒေါ်သီတာ ညွှန့်နှင့် ဆရာမများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကျေးရွာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆေးပေးခန်း ဖြစ်မြောက်ရေး ကော်မတီများ၊ ကျေးရွာလူမှုရေးအသင်းအဖွဲ့များနှင့် ရွာသူ ရွာသားများ တက်ရောက်၍ ဆေးပေးခန်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေး ကြသည်။ **(ဝဲပုံ)**

ထို့နောက် ဟောပြောပွဲအခမ်းအနား ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးကြည်စန်း၊ မြို့နယ်ကျန်းမာရေး ဦးစီး ဌာနမှူး မြို့နယ်ဆရာဝန် ဒေါ်သီတာညွှန့်၊ ကျေးရွာဥက္ကဋ္ဌ ဦးတင်မောင်တို့က အမှာစကားပြောကြားကြသည်။

**(၂၆၅)**





## မော်လမြိုင်ကျွန်းမြို့၌ စုပေါင်းသန့်ရှင်း

**မော်လမြိုင်ကျွန်း စက်တင်ဘာ ၂၆**

၂၀၀၄ခုနှစ် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ပွဲကို စက်တင်ဘာ ၂၅ရက် နံနက်၇နာရီက မော်လမြိုင်ကျွန်းမြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း အပြင် တို့၌ ဆောင်ရွက်ကြသည်။

ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်မှုကို မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးတင်ဝင်း ဦးဆောင်သော ရဲတပ်ဖွဲ့ဝင် မိသားစုအင်အား ၁၅၀ ကျော်တို့က မြို့နယ် ပြည်သူ့ဆေးရုံဝင်းရှိ ပေါင်းမြက်များရှင်းလင်းခြင်း၊ မြေနိမ့်ချိုင့်ဝှမ်းမြေဖို့ခြင်းနှင့်ပိတ်ဆို့ ရေမြောင်းတူးဖော်ခြင်းများကို စုပေါင်းဆောင်ရွက် ကြသည်။ **(၀၉၇)**

# ကျေးလက် သတင်းနှင့် မြင်ကွင်း

## ညောင်တုန်းမြို့နယ်အတွင်း ကျေးလက်အိမ်ရာများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်

**ညောင်တုန်း စက်တင်ဘာ ၂၆**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဝင်းမိုးထိုက်တို့က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ကျေးလက်အိမ်ရာစီမံကိန်း အရ ညောင်တုန်းမြို့နယ်အတွင်းရှိ ကျေးရွာ အုပ်စုများရှိ ကျေးလက် အိမ်ရာများအား စက်တင်ဘာ၂၃ရက်က သွားရောက် ကြည့်ရှု စစ်ဆေးကြ သည်။ **(အောက်ဝဲပုံ)**

အမှုဆောင်အရာရှိနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ညောင်တုန်းမြို့နယ် ကျုံတမာကျေးရွာအုပ်စုအတွင်း တည် ဆောက်ပြီး မိသားစုများနေထိုင်ကြ သည့် ကျေးလက်အိမ်ရာများ၌ မိသားစု ဝင်များနှင့် တွေ့ဆုံ၍ ကျေးလက် အိမ်ရာများတွင် နေထိုင်မှုအဆင်ပြေစေ ရေး၊ သန့်ရှင်းသာယာလှပစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင် ထိန်းသိမ်းရေး လုပ်ငန်းများ ညှိနှိုင်း ဆွေးနွေးကြသည်။

**ဆောင်ရွက်မည်**

၂၀၀၃–၂၀၀၄ ဘဏ္ဍာရေးနှစ် အတွင်း ညောင်တုန်းမြို့နယ်တွင် ကျေးလက်အိမ်ရာ ၁၀လုံး တည် ဆောက်ပြီးဖြစ်ရာ ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက် အိမ်ရာ များ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရ သည်။ **(၀၉၈)**

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာပေးဟောပြော

**ပဲခူး စက်တင်ဘာ ၂၇**

သဘာဝဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြောပွဲကို ပဲခူးမြို့နယ် အထက(ခွဲ) ပျဉ်ပုံကြီး ကျေးရွာတွင်လည်းကောင်း၊ ပဲခူးရိုးမစိမ်းလန်းစိုပြည်ရေး စီမံကိန်းနှင့် ပြည်သူများ၏ အခန်းကဏ္ဍ ဆွေးနွေးပွဲကို ပျဉ်ပုံကြီးကျေးရွာဓမ္မာရုံ၌ စက်တင်ဘာ ၂၄ရက်က ကျင်းပရာ ပဲခူးမြို့နယ် သစ်တော ဦးစီးဌာန ဦးစီးအရာရှိနှင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျေးရွာ ဥက္ကဋ္ဌနှင့် အမျိုးသမီး ရေးရာအဖွဲ့ဝင်၁၈ဦးနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ အခမ်းအနားတွင် ပဲခူးမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်သူက ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းနှင့်ပတ်သက်၍ ပညာပေးဆွေးနွေးကြသည်။ **(က–ပ)**



**ဩဂုတ် ၂၃ ရက်က တန့်ယန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးညွန့်ဝေနှင့် ဝန်ထမ်းများ မြို့ပတ်လမ်း လမ်းဘေးဝဲယာ ရေနုတ်မြောင်းများ ရှင်းလင်း တူးဖော် ဆောင်ရွက်ကြစဉ်။**

(မြို့နယ်စည်ပင်)



# မွန်ပြည်နယ်ဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင် တက်ရောက်ဆုချီးမြှင့်

မော်လမြိုင် စက်တင်ဘာ ၂၂

**၂၀၀၄ ခုနှစ် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို စက်တင်ဘာ ၁၆ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ မိုးလုံလေလုံအားကစားရုံတွင် ကျင်းပသည်။**

**ဆုချီးမြှင့်**

အခမ်းအနားတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်က အမျိုးသားပထမဆုရ သထုံမြို့နယ်အသင်းအား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ ပထမဆုရ မုဒုံမြို့နယ် အမျိုးသမီးအသင်းအား တံခွန်စိုက်ဒိုင်းဆုကို လည်းကောင်း၊ ပထမဆုရ အမျိုးသား သထုံအသင်းအား တစ်ဦးချင်းဆုများနှင့် ငွေသားဆုကို မွန်ပြည်နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှက လည်းကောင်း၊ ပထမဆုရ မုဒုံမြို့နယ် အမျိုးသမီးအသင်း တစ်ဦးချင်းဆုများနှင့် ငွေသားဆုကို မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး သိန်းလင်းက လည်းကောင်း၊ အမျိုးသားဒုတိယဆုရ သံဖြူဇရပ်မြို့နယ်အသင်းအား အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန မွန်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးဖေစန်းနှင့် ဒုတိယဆုရ သထုံ မြို့နယ် အမျိုးသမီးအသင်းအား အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန (မွန်ပြည်နယ်) ဒုတိယ ညွှန်ကြားရေးမှူး၏ ဇနီး ဒေါ်သန်းသန်းမူတို့က လည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(၁၆၈)**



**စက်တင်ဘာ ၂၂ ရက်က ဧရာဝတီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ဟင်္သာတမြို့ မြို့တော်ခန်းမ သာယာလှပရေး အတွက် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်းနှင့် အင်ဂျင်နီယာမှူး ဦးအောင်ကျော်မိုးတို့က ရှင်းလင်းပြသကြစဉ်။** (မြို့နယ် စည်ပင်)

## ကြီးကြပ်ဆောင်ရွက်

**စက်တင်ဘာ ၇ရက်က မြဝတီမြို့ ဘုရင့်နောင်ဈေး သန့်ရှင်းသပ်ရပ်ရေးနှင့် ရေစီးရေလာ ကောင်းမွန်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ဈေးသူ ဈေးသားများ သန့်ရှင်းရေးဆောင်ရွက်မှုကို ဒုတိယဦးစီးမှူး (အခွန်) ဦးကျော်နိုင်ဦး ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)



**တောင်ငူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့အဝင်လမ်းဘေးဝဲယာ၌ မြေသားအလှဆင်ခြင်းလုပ်ငန်းဆောင်ရွက်မှုကို အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်တင်ဌေးဝင်းဦးဆောင်သောပျိုးဥယျာဉ်ဝန်ထမ်းများ စုပေါင်းဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)

## အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းဆင်း

**ကန်ပက်လက် စက်တင်ဘာ ၂၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ကန်ပက်လက်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အခြေခံအိမ်တွင်းမှုသက်မွေးပညာသင်တန်းအမှတ်စဉ်(၁)ဆင်းပွဲအခမ်းအနားကို စက်တင်ဘာ ၂၄ ရက်နံနက် ၉ နာရီက ကန်ပက်လက်မြို့၌ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်လင်းက သင်တန်းဆင်းအမှာစကား ပြောကြားသည်။

သင်တန်းသို့ ကန်ပက်လက်မြို့နယ်အတွင်းရှိ ကျေးလက်ဒေသများမှ ချင်းတိုင်းရင်းသူ ၃၀ တက်ရောက်အောင်မြင်ကြပြီး သင်တန်းတွင် စက်ချုပ်ပညာ၊ သိုးမွေးစက်ဆွဲပညာ၊ လက်မှုပညာနှင့် အစားအစာပြုလုပ်နည်း ပညာရပ်များ လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**



## မိခင်နို့နှင့် အာဟာရအကြောင်း ပညာပေးဟောပြော

**တာချီလိတ် စက်တင်ဘာ ၁၈**

တာချီလိတ်မြို့ မယ်ခေါင်ရပ်ကွက်ရှိအိမ်တွင်းမှုသင်တန်းကျောင်းခန်းမတွင် ဩဂုတ် ၅ ရက်က တာချီလိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းနှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနတို့ ကြီးမှူး၍ "ကမ္ဘာ့မိခင်နို့ စနစ်တကျ တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု"အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကျန်းမာရေးဦးစီးမှူး ဒေါက်တာချစ်သိန်းက မိခင်နို့နှင့် အာဟာရများအကြောင်း သိကောင်းစရာများ ပညာပေးဟောပြောသည်။

အခမ်းအနားသို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးနှင့် ့အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်နှင့် အဖွဲ့ဝင်များ၊ခရိုင်ကျန်းမာရေးဦးစီးမှူးဒေါက်တာ ချစ်သိန်းနှင့် ဝန်ထမ်းများ တက်ရောက်ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

## အမြို့မြို့ အနယ်နယ် သတင်းများ

## ကာယအလှမယ်ပြိုင်ပွဲ မအူပင်ခရိုင်၌ကျင်းပ

**မအူပင် စက်တင်ဘာ ၁၉**

မအူပင်ခရိုင် ကာယအလှမယ်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကိုစက်တင်ဘာ ၁၁ ရက်က မအူပင်မြို့ တိုးရွှေဝါခန်းမ၌ ကျင်းပရာ ပြိုင်ပွဲတွင် မအူပင်၊ ညောင်တုန်း၊ ပန်းတနော်၊ ဓနုဖြူမြို့နယ်များနှင့် မအူပင်တက္ကသိုလ်မှ ကာယအလှမယ်များ ပါဝင်ယှဉ်ပြိုင်ကြသည်။

**ဆုများပေးအပ်**

ပြိုင်ပွဲအပြီးတွင် ဆုရသူများအား ဆုပေးပွဲ အခမ်းအနား ကျင်းပရာ ကာယအလှမယ်ပြိုင်ပွဲတွင် ပထမ မချယ်ရီဆန်း(မအူပင်မြို့နယ်)၊ ဒုတိယ မစိုဖီယာ (မအူပင်တက္ကသိုလ်)နှင့် တတိယ မလဲ့လဲ့ထွေး (ညောင်တုန်းမြို့နယ်)တို့ရရှိကြပြီး မအူပင်ခရိုင် အမျိုးသမီးအားကစားမြှင့်တင်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်တင်တင်ဦး **(အောက်ပုံ)** က ဆုများပေးအပ်ချီးမြှင့်သည်။ **(၄၂၁)**

## မြန်မာ့အသံ

**၂-၁၀-၂၀၀၄**
**(စနေနေ့)**
**နံနက်ပိုင်း**

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ ရတနသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

၀၉:၄၅ အာဆီယံအစီအစဉ်
၁၀:၀၅ အာယုနှင့် သာဓုဆွေးနွေးခန်း
၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
(သဘာဝအားဆေးထုတ်လုပ်မှု အကြောင်း)
၁၁:၃၅ ရေဒီယိုမဂ္ဂဇင်း
(၁)ဥယျာဉ်မှူး၏ စေတနာ (ခေါင်းကြီး)
(၂)မြတ်ဆရာပီပီ (ဆောင်းပါးသရုပ်ဖော်)
၁၂:၀၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်း
၁၂:၁၀ ကလေးများအတွက်အင်္ဂလိပ်စာ
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ်
(ပညာရေးအထူးအစီအစဉ်)

**ညနေပိုင်း**

၁၇:၀၀ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အခြေခံပညာ(၁၅-၂၀)နှစ် အမျိုးသား အမျိုးသမီးများ လေ့လာနိုင်ရန်(ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး)
၁၇:၃၀ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းများ
၁၇:၄၅ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင်
၁၈:၄၅ နေ့စဉ်သုံးအင်္ဂလိပ်စကားပို့ချချက် (မင်းကျော်မင်းမိသားစု)
၁၉:၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ဟင်္သာတေးထုတ်လုပ်ရေးမှ မေတ္တာလက်ဆောင်ပေးပို့သော အလင်္ကာကျော်စွာရွှေပြည်အေး၏ တေးနုလက်ရာအမှတ်-၄ စီးရီး)
၂၀:၃၀ English Lesson Working Knowledge
-တေးသံစုံ(မြန်မာ့အသံအဖွဲ့)



**စက်တင်ဘာ ၁၉ ရက်က ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကြည်သန်းနှင့်တာဝန်ခံ လက်ထောက်အင်ဂျင်နီယာ ဦးထွန်းထွန်းနိုင်တို့ မြို့ပတ်လမ်း မီးသတ်အရှေ့ ထပ်ပိုးကတ္တရာခင်းခြင်းလုပ်ငန်းကို ကြီးကြပ်ဆောင်ရွက်ကြစဉ်။** (မြို့နယ် စည်ပင်)



**သန်လျင်မြို့ မြို့ဟောင်းအလကကျောင်းတွင် အာဟာရဖွံ့ဖြိုးမှု အစီအစဉ်အရ စက်တင်ဘာ ၂၂ရက်က အလှူရှင် ဦးမြင့်အေး-ဒေါ်ရှုယဉ်တို့က စတုတ္ထတန်းမှသား ဇော်လင်းထိုက် မွေးနေ့အဖြစ် မုန့်ဟင်းခါး အာဟာရကျွေးမွေးလှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းနှင့် ဆရာမများက ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။** (ခရိုင် ပြန်/ဆက်)



**ရှေ့ဖုံးမှ**

ငွေစက္ကူသစ်များသည် လက်ရှိငွေစက္ကူများထက် အရွယ်အစား ပိုမိုသေးငယ်သည်မှလွဲ၍ လက်ရှိငွေစက္ကူများ၏ ပုံသဏ္ဌာန်၊ အရောင် အသွေးအတိုင်း အနီးစပ်ဆုံးတူညီအောင် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူ သစ်များနှင့်ပတ်သက်သော အချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

**၁။ တစ်ထောင်ကျပ်တန်ငွေစက္ကူ**

**အရွယ်အစား** ။ ။ ၁၅ X ၇ စင်တီမီတာ

**ပေါ်လွင်သောအရောင်** ။ ။ အစိမ်းရောင်

**မျက်နှာစာဘက်** ။ ။ ထိပ်ပိုင်းတွင် "မြန်မာနိုင်ငံတော် ဗဟိုဘဏ်"စာတန်း ရိုက်နှိပ်ထားပါသည်။ အလယ်ပိုင်းတွင် မြန်မာ့အနုပညာလက်ရာ မြောက် ကေသရာဇာခြင်္သေ့မင်းပုံနှင့် ငွေစက္ကူတန်ဖိုးကို ဖော်ပြသည့် မြန်မာ စာတန်း "တစ်ထောင်ကျပ်" တို့ကို ရိုက်နှိပ်ထားပါသည်။ လက်ဝဲဘက်ပိုင်း နှင့် အောက်ခြေတို့တွင် မြန်မာ့အနုပညာ လက်ရာမြောက် ကနုတ်ပန်းခက်များကို ရိုက်နှိပ်ထားပါသည်။ ထောင့်သုံးထောင့် တွင် ငွေစက္ကူ၏တန်ဖိုးကို ဂဏန်းဖြင့် ရိုက်နှိပ်ထားပါသည်။ ငွေစက္ကူနံပါတ်ကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ရိုက်နှိပ် ထားပါသည်။ လက်ဝဲဘက်ပိုင်းတွင် ခြင်္သေ့ဦးခေါင်းပုံ ရေစာပါရှိပါသည်။ ငွေစက္ကူတွင် လုံခြုံရေးကြိုးတစ်ချောင်းကို ဒေါင်လိုက်ထည့်သွင်းထားပါသည်။

**ကျောဘက်** ။ ။ ထိပ်ပိုင်းတွင် "CENTRAL BANK OF MYANMAR"စာတန်းကို ရိုက်နှိပ် ထားပါသည်။ အောက်ခြေတွင် "ONE THOUSAND KYATS" စာတန်းကို ရိုက်နှိပ်ထားပါသည်။ အလယ်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် အဆောက် အအုံပုံကို ရိုက်နှိပ်ထားပါသည်။ ထောင့် သုံးထောင့်တွင် ငွေစက္ကူ၏တန်ဖိုးကို ဂဏန်းများဖြင့် ရိုက်နှိပ်ထားပါသည်။

**၂။ ငါးရာကျပ်တန်ငွေစက္ကူ**

**အရွယ်အစား** ။ ။ ၁၅ X ၇ စင်တီမီတာ

**ပေါ်လွင်သောအရောင်** ။ ။ အညိုရောင်

**မျက်နှာစာဘက်** ။ ။ ထိပ်ပိုင်းတွင် "မြန်မာနိုင်ငံတော်ဗဟို ဘဏ်" စာတန်း ရိုက်နှိပ်ထားပါသည်။ အလယ်ပိုင်းတွင် မြန်မာ့အနုပညာ လက်ရာမြောက် ကေသရာဇာခြင်္သေ့ မင်းပုံနှင့် ငွေစက္ကူတန်ဖိုးကို ဖော်ပြသည့် မြန်မာစာတန်း "ငါးရာကျပ်"တို့ကို ရိုက် နှိပ်ထားပါသည်။ လက်ဝဲဘက်ပိုင်းနှင့် အောက်ခြေတို့တွင် မြန်မာ့အနုပညာလက် ရာမြောက် ကနုတ်ပန်းခက်များကို ရိုက် နှိပ်ထားပါသည်။ ထောင့်သုံးထောင့်တွင်

*စာမျက်နှာ ၁၀ ကော်လံ ၅* ●

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး




တစ်ထောင်ကျပ်တန်ငွေစက္ကူ အရွယ်အစားသစ်ကို ကျောဘက်မှ တွေ့ရစဉ်။ (သတင်းစဉ်)




ငါးရာကျပ်တန်ငွေစက္ကူ အရွယ်အစားသစ်ကို မျက်နှာစာဘက်မှ တွေ့ရစဉ်။ (သတင်းစဉ်)




ငါးရာကျပ်တန်ငွေစက္ကူ အရွယ်အစားသစ်ကို ကျောဘက်မှ တွေ့ရစဉ်။ (သတင်းစဉ်)




နှစ်ရာကျပ်တန်ငွေစက္ကူ အရွယ်အစားသစ်ကို မျက်နှာစာဘက်မှ တွေ့ရစဉ်။ (သတင်းစဉ်)




နှစ်ရာကျပ်တန်ငွေစက္ကူ အရွယ်အစားသစ်ကို ကျောဘက်မှ တွေ့ရစဉ်။ (သတင်းစဉ်)

1-10 (20).p65 1 24.03.1905, 11:29 PM